ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

# ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်

# (Environmental Compliance Certificate - ECC)

သက်သေခံလက်မှတ်အမှတ်။ ECC( ၁၂၆၂ ) ရက်စွဲ။ ၂၀၂၅ ခုနှစ်၊ ဧပြီလ ၃၀ ရက်

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ(ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၉/၂၀၁၂)နှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ဆိုင်ရာ လုပ်ထုံးလုပ်နည်း(အမိန့်ကြော်ငြာစာအမှတ် ၆၁၆/၂၀၁၅)တို့အရ နောက်ဆက်တွဲ(က)တွင် ဖော်ပြထားသော အဆိုပြုစီမံကိန်းအား နောက်ဆက်တွဲ(ခ)ပါ စည်းကမ်းချက်များကို လိုက်နာ ဆောင်ရွက်စေလျက် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံ လက်မှတ်(Environmental Compliance Certificate - ECC)ကို ထုတ်ပေးလိုက်သည်-

| | | | |
|---|---|---|---|
| (က) | **စီမံကိန်းအဆိုပြုသူ** | - | Mr. Hagiyama Eiji<br>Chief Executive Officer |
| (ခ) | **ဆက်သွယ်ရန်လိပ်စာ** | - | JFE Myanmar Coated Steel Co.,Ltd.<br>မြေကွက်အမှတ်(ဘီစီ-၁)၊ သီလဝါအထူးစီးပွားရေးဇုန် (အပိုင်း-ခ)၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။<br>၀၉-၇၇၇၁၀၇၉၉၉ |
| (ဂ) | **စီမံကိန်းအမျိုးအစား** | - | သံမဏိပြားများကို သတ္တုရည်စိမ်ခြင်းနှင့် ဆေးသုတ်ခြင်း လုပ်ငန်း |
| (ဃ) | **စီမံကိန်းကာလ** | - | အခွင့်အမိန့်ရ အဖွဲ့အစည်းက ခွင့်ပြုသည့်ကာလ |
| (င) | **စီမံကိန်း၏ အရွယ်အစား** | - | ၇၇,၈၀၀ စတုရန်းမီတာ |
| (စ) | **စီမံကိန်းတည်နေရာ** | - | မြေကွက်အမှတ်(ဘီစီ-၁)၊ သီလဝါအထူး စီးပွားရေးဇုန် (အပိုင်း-ခ)၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| (ဆ) | **ECC သက်တမ်း(၅)နှစ်** | - | စတင်ထုတ်ပေးရက် - ၂၄-၃-၂၀၂၅<br>သက်တမ်းကုန်ဆုံးရက် - ၂၃-၃-၂၀၃၀ |
| (ဇ) | **အတည်ပြုအစီရင်ခံစာ** | - | သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီ၏ ၂၆-၁၂-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ သလဝ-၂/ TSEZ/ ၂၀၂၄(၅၂၄၅) ဖြင့် **"ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း(EIA)အစီရင်ခံစာ"** |

၃၀.၄.၂၀၂၅



ပြည်ထောင်စုဝန်ကြီး(ကိုယ်စား)
(လှမောင်သိန်း၊ အမြဲတမ်းအတွင်းဝန်)
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

AnyScanner

စည်းကမ်းချက်များ

၁။ စီမံကိန်းအဆိုပြုသူသည် အောက်ပါစည်းကမ်းချက်များကို လိုက်နာအကောင်အထည် ဖော်ဆောင်ရွက်ရမည်-

(က) ဤသက်သေခံလက်မှတ်၏ နောက်ဆက်တွဲပါ စည်းကမ်းချက်များကို လိုက်နာ ဆောင်ရွက်ရန်၊

(ခ) ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများကို ကြိုတင်ကာကွယ်ရေး၊ အနိမ့်ဆုံး ဖြစ်စေရေးနှင့် ထိခိုက်မှုများကို ပြန်လည်ကုစားရေး ဆောင်ရွက်ပေးရန်၊

(ဂ) စီမံကိန်းအဆိုပြုသူ၏ စီမံကိန်းဆိုင်ရာ ကတိကဝတ်များနှင့် လိုက်နာထမ်းဆောင် ရမည့် တာဝန်များကို သတ်မှတ်ရန်၊

(ဃ) လက်ခံနိုင်သော ပတ်ဝန်းကျင်အရည်အသွေး ဖြစ်စေရေးအတွက် စံချိန်စံညွှန်းများနှင့် အရည်အသွေးတိုင်းတာရေးနည်းလမ်းများ သတ်မှတ်ရန်၊

(င) စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အစီရင်ခံခြင်းတို့ကို ပုံမှန်ဆောင်ရွက်စေရန်၊

(စ) စီမံကိန်းတွင် စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည့် ပတ်ဝန်းကျင်စီမံခန့်ခွဲရေး အစီအမံတစ်ရပ်ကို ရေးဆွဲဆောင်ရွက်ရန်၊

(ဆ) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား (၆)လတစ်ကြိမ် ရေးဆွဲတင်ပြရန်၊

(ဇ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအရွယ်အစား၊ တည်နေရာ၊ ဆက်သွယ်ရန်လိပ်စာ၊ လုပ်ငန်းဆောင်ရွက်မှု ရှိ/မရှိ အခြေအနေများ ပြောင်းလဲမှုရှိပါက ဝန်ကြီးဌာနသို့ ဆက်သွယ်အကြောင်းကြားရန်၊

(ဈ) ဤဝန်ကြီးဌာနမှ အခါအားလျော်စွာ ထုတ်ပြန်သောအမိန့်၊ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရန်၊

(ည) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်သည် လုပ်ငန်းဆောင်ရွက်ရန်အတွက် ခွင့်ပြုမိန့်ထုတ်ပေးခြင်း မဟုတ်ဘဲ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ စည်းကမ်းချက်များအား လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး မြေအသုံးပြုခွင့်နှင့် လုပ်ငန်းဆောင်ရွက်ခွင့်ပြုမိန့်တို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ဝန်ကြီးဌာန သို့မဟုတ် အခွင့်အမိန့်ရ အဖွဲ့အစည်းများ၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ ရယူလိုက်နာ ဆောင်ရွက်ရန်၊

(ဋ) ဤသက်သေခံလက်မှတ်သည် လုပ်ငန်းပိုင်ဆိုင်မှုနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၂။ သက်ဆိုင်ရာခွင့်ပြုမိန့်ထုတ်ပေးသည့်ဌာနမှ ခွင့်ပြုမိန့် ပယ်ဖျက်လျှင်သော်လည်းကောင်း၊ သက်တမ်းတိုးပေးခြင်း မရှိလျှင်သော်လည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာ ဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းရှိစေကာမူ ဤသက်သေခံလက်မှတ်၏ သက်တမ်း သည်လည်း အလိုအလျောက် ကုန်ဆုံးသည်ဟု မှတ်ယူရမည်။

နောက်ဆက်တွဲ(က)

**JFE Myanmar Coated Steel Co.,Ltd. မှ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သီလဝါအထူးစီးပွားရေးဇုန်(အပိုင်း-ခ)၊ မြေကွက်အမှတ်(ဘီစီ-၁)၊ မြေဧရိယာ(၇၇,၈၀၀)စတုရန်းမီတာတွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် သံမဏိပြားများကို သတ္တုရည်စိမ်ခြင်းနှင့် ဆေးသုတ်ခြင်းလုပ်ငန်းအတွက် စီမံကိန်းအကြောင်းအရာဖော်ပြချက်**

၁။ JFE Myanmar Coated Steel Co., Ltd. (ယခင် JFE Meranti Myanmar Co., Ltd.) မှ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သီလဝါအထူးစီးပွားရေးဇုန်အပိုင်း(ခ)၊ မြေကွက်အမှတ် (ဘီစီ-၁)၊ မြေဧရိယာစုစုပေါင်း(၇၇,၈၀၀)စတုရန်းမီတာတွင် အဆင့်(၁)၌တစ်နှစ်လျှင် သတ္တုရည်စိမ်ပြီးဖြစ်သော သံမဏိပြားများကို ဆေးသုတ်ခြင်း တန်ချိန်(၁၀၀,၀၀၀)နှင့် အဆင့်(၂)၌ တစ်နှစ်လျှင် သံမဏိပြားများကို သတ္တုရည်စိမ်ခြင်း တန်(၁၈၀,၀၀၀)မှ သတ္တုရည်စိမ်ထားသော တန်ချိန် ၁၀၀,၀၀၀ ကို ဆေးသုတ်ခြင်းလုပ်ငန်းအတွက် ကုမ္ပဏီမှ တင်ပြလာမှုအပေါ် ၁၂-၇-၂၀၁၉ ရက်နေ့တွင် သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီရုံး၌ Mobile Review Team အဖွဲ့ဝင်များဖြင့် အစီရင်ခံစာ စိစစ်သုံးသပ်ရေးအဖွဲ့အစည်းအဝေးနှင့် ကွင်းဆင်းလေ့လာရေးတို့ကို ဆောင်ရွက်ခဲ့ပြီး သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီ၏ ၃၁-၇-၂၀၁၉ ရက်စွဲပါ စာအမှတ်၊ TSEZ-ES 070 ဖြင့် သဘောထားမှတ်ချက် ပြန်ကြားခဲ့ပြီး ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာ(Revised EIA)ကို JFE MERANTI Myanmar Co.,Ltd. မှ ၁၀-၁၀-၂၀၁၉ ရက်စွဲပါ စာအမှတ်၊ JMM 00211 ဖြင့် ပြင်ဆင်တင်ပြလာပါသည်။ ပြင်ဆင်တင်ပြလာသည့် အစီရင်ခံစာအား သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီ၊ OSSC ရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ပြန်လည်စိစစ်ပြီး သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီမှ Approval of Commencement of Commercial Operation Related to Environment ကို ၅-၂-၂၀၂၀ ရက်စွဲပါ စာအမှတ်၊TSEZ-EIA-027 ဖြင့် ထုတ်ပေးခဲ့ပါသည်။ အဆိုပါစီမံကိန်းအတွက် ECC ထုတ်ပြန်ပေးနိုင်ရေးအတွက် သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီ၏ ၂၉-၅-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ သလဝ-၂/TSEZ/ ၂၀၂၄ (၁၈၀၅)ဖြင့် ဦးစီးရုံးချုပ်သို့ ပေးပို့တင်ပြလာမှုအပေါ် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်း အပိုဒ် ၆၇(က)တွင် “ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာကို သဘောထားမှတ်ချက် သို့မဟုတ် ထောက်ခံချက်အတွက် စိစစ်သုံးသပ်နိုင်ရန် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာ စိစစ်သုံးသပ်ရေးအဖွဲ့သို့ ပေးပို့ရမည်”ဟု ပြဋ္ဌာန်းချက်နှင့်အညီ ပြင်ဆင်တင်ပြလာသည့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာအပေါ် Mobile Review Team အဖွဲ့ဝင်များအနေဖြင့် သဘောထားမှတ်ချက်ပေးရန်ရှိပါက သဘောထားမှတ်ချက် ပြန်ကြားပေးပါရန် ၁၄-၁၀-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ EIA-၁/၈/သဘောထား(EIA)(၄၆၇၃/၂၀၂၄)ပါစာဖြင့် ညှိနှိုင်းသဘောထားတောင်းခံခဲ့ပြီး သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီသို့ ၂၀-၁၁-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ EIA-၁/၈(သီလဝါ)(၅၂၇၀/၂၀၂၄)ပါစာဖြင့် ပူးတွဲပါသဘောထားမှတ်ချက်များကို ပြည့်စုံစွာ ပြင်ဆင်ဖြည့်စွက်မှသာ အတည်ပြုနိုင်ရေး ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း

အကြောင်းကြားခဲ့ပါသည်။ ထိုသို့အကြောင်းကြားမှုအပေါ် သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီမှ ၂၆-၁၂-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ သလဝ-၂/TSEZ/၂၀၂၄(၅၂၄၅)ဖြင့် ပြင်ဆင်တင်ပြလာသော အပြီးသတ် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း(EIA)အစီရင်ခံစာကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်(Environmental Compliance Certificate – ECC)ထုတ်ပေးခြင်း ဖြစ်ပါသည်။

၂။ **စီမံကိန်းအဆိုပြုသူ။** Mr. Hagiyama Eiji, Chief Exective Office, JFE Myanmar Coated Steel Co.,Ltd.၊ မြေကွက်အမှတ်(ဘီစီ-၁)၊ သီလဝါအထူးစီးပွားရေးဇုန်(အပိုင်း-ခ)၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ၀၉-၇၇၇၁၀၇၉၉၉ ဖြစ်ပါသည်။

၃။ **စီမံကိန်းဆောင်ရွက်ပုံအဆင့်ဆင့်။** အဆိုပြုစီမံကိန်းသည် ထုတ်လုပ်ရေးလုပ်ငန်းစဉ်တွင် သံမဏိပြားသတ္တုရည်စိမ်ခြင်းလုပ်ငန်း(Metal Coating Line-MCL)၊ သံမဏိပြား ဆေးသုတ်ခြင်းလုပ်ငန်း(Coiling Painting Line-CPL)၊ သတ္တုရည်စိမ်ခြင်း၊ သံမဏိပြားပြန်ရစ်ခွေခြင်း၊ စစ်ဆေးခြင်းနှင့် ဖြတ်တောက်ခြင်း၊ သံမဏိအလိပ်ကို ထုပ်ပိုးခြင်းတို့ ဆောင်ရွက်မည်ဖြစ်ပြီး သံမဏိပြားသတ္တုရည်စိမ်ခြင်းလုပ်ငန်း(Metal Coating Line-MCL)လုပ်ငန်းစဉ်တွင် သံမဏိပြားများကိုပြင်ဆင်ခြင်း၊ သံမဏိပြားများကို သန့်စင်ခြင်း၊ သံမဏိပြား အပူပေးခြင်းနှင့် ဒဏ်ကြောဖြေခြင်း၊ သတ္တုရည်စိမ်ခြင်း(သွပ်ရည်စိမ်ခြင်း/ အလူမီနီယမ်/ သွပ်ရည်စိမ်ခြင်း)၊ အအေးခံခြင်းနှင့် အခြောက်ခံခြင်း၊ မျက်နှာပြင် ပြုပြင်ခြင်း၊ ဆွဲဆန့်အား ထိန်းညှိခြင်း၊ ဓာတုနှင့်အော်ဂဲနစ် ဆေးရည်သုတ်ခြင်း၊ တံဆိပ်ခတ်နှိပ်ခြင်းနှင့် သံမဏိပြားများကို ပြန်လိပ်ခွေခြင်း လုပ်ငန်းများကို ဆောင်ရွက်မည်ဖြစ်ပြီး သံမဏိပြားဆေးသုတ်ခြင်းလုပ်ငန်း(Coiling Painting Line-CPL)လုပ်ငန်းစဉ်တွင် သံမဏိပြားအလိပ်ကို ဖြန့်ခြင်း၊ ဖြတ်တောက်ခြင်းနှင့် ချုပ်စက်ခြင်း၊ စုပုံစက်တွင် စုပုံခြင်း၊ အောက်ခံပရိုင်မာဆေးနှင့် အပေါ်ဆေး တစ်ထပ်သုတ်ခြင်း၊ ရေစိမ်ခြင်း၊ အပြီးသတ်ခြင်းလုပ်ငန်းစဉ်တွင် သံမဏိပြားများကို ဆေးသုတ်ခြင်း၊ ဆေးပေါင်းတင်ခြင်းနှင့် ရေစိမ်ခြင်းတို့ ပြုလုပ်ပြီးနောက် ဆက်ထားသောသံမဏိပြားများကို ဖြတ်တောက်ပြီး ပြန်လည် လိပ်ခွေခြင်းတို့ ဆောင်ရွက်မည် ဖြစ်ပါသည်။ ထွက်ရှိလာသော ကုန်ချောများအား ကုန်တင်ကားများဖြင့် သယ်ယူ၍ တန်ချိန် ၂၀,၀၀၀ ဆံ့ သိုလှောင်ရုံတွင် သိမ်းဆည်း သိုလှောင်မည်ဖြစ်ပါသည်။ ဆေးသုတ်ပြီး ထုတ်ကုန်ထွက်ရှိမှုမှာ အောက်ပါဇယားအတိုင်း ဖြစ်ပါသည်-

| ဆေးသုတ်ပြီး ထုတ်ကုန်များ | အနည်းဆုံး | အများဆုံး |
|---|---|---|
| အထူ | ၀.၂ မီလီမီတာ | ၁.၁ မီလီမီတာ |
| အကျယ် | ၆၁၀ မီလီမီတာ | ၁၂၅၀ မီလီမီတာ |
| အလေးချိန် | ၁ တန် | တန် ၂၀ |
| သတ္တုလိပ်၏ အချင်းဝက် | ၆၀၀ မီလီမီတာ | ၂၁၀၀ မီလီမီတာ |
| Bore Diameter | ၅၀၈ မီလီမီတာ | ၅၀၈ မီလီမီတာ |

SCAN AnyScanner

၄။ **အသုံးပြုကုန်ကြမ်းပစ္စည်းများ။** အသုံးပြုသောအဓိက ကုန်ကြမ်းပစ္စည်းများမှာ သတ္တုရည်စိမ်ခြင်း လုပ်ငန်းအတွက် သံမဏိပြားများ၊ အယ်ကာလီအရည်၊ ဇင့်၊ အလူမီနီယံ၊ Passivation အရည်၊ အက်ခရီလစ်အရည်ကြည်(Acrylic Resin)တို့ဖြစ်ပြီး သံမဏိပြားများ ဆေးသုတ်ခြင်းလုပ်ငန်းအတွက် သတ္တုရည်စိမ်ထားသော သံမဏိပြားများ၊ အယ်ကာလီအရည်၊ အောက်ခံဆေးအရည်(Pretreatment Solution)၊ အပူဒဏ်ခံနိုင်သော သုတ်ဆေးနှင့် ရေတစ်ရက်လျှင် ၄၉၀ ကုဗမီတာ အသုံးပြု၍ ထုတ်လုပ်မည် ဖြစ်ပါသည်။ ကုန်ကြမ်းများနှင့် ကုန်ချောများကို ပြည်ပမှ ကုန်တင်ရေယာဉ်(သို့မဟုတ်)ကုန်တင်ကားဖြင့် တင်သွင်းအသုံးပြု၍ သုတ်ဆေးနှင့် အခြားဓာတုဆေးရည်ပုံးများကို အလွန်စိတ်ချရသော ဖော့ကလစ်ဖြင့် သယ်ယူ၍ သုတ်ဆေးသိုလှောင်ခန်း၊ လောင်ကျွမ်းနိုင်သောပစ္စည်းများ သိုလှောင်ခန်း၊ ဓာတုပစ္စည်းသိုလှောင်ခန်းနှင့် သတ္တုတုံးများထားရှိရာနေရာများသို့ ပို့ဆောင်မည်ဖြစ်ပါသည်။ စွမ်းအင်အသုံးပြုမှုအနေဖြင့် ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားတိုးချဲ့ဖြန့်ဖြူးရေးလုပ်ငန်းမှ အသုံးပြုမည်ဖြစ်ပြီး လျှပ်စစ်မီးပြတ်တောက်သည့်အချိန်တွင် ၁,၈၀၀ recozm(Kohler Singapore) Alternator မီးအားပေးစက် ၂ လုံးအား အသုံးပြုမည်ဖြစ်ပြီး တစ်နာရီလျှင် ဒီဇယ် ၄၁၀ လီတာ အသုံးပြုမည် ဖြစ်ပါသည်။ ရေအသုံးပြုမှုအနေဖြင့် လုပ်ငန်းသုံးနှင့် အထွေထွေသုံးရေ တစ်ရက်လျှင် ၄၉၀ ကုဗမီတာခန့် သုံးစွဲမည်ဖြစ်ပါသည်။ သတ္တုရည်စိမ်ခြင်းလုပ်ငန်းစဉ်တွင် သတ္တုပြားကို အပူပေးခြင်း၊ မီးပြင်းဖို၊ အခြောက်ခံသည့် ဖိုနှင့် ပေါင်းတင်ဖိုများ အသုံးပြုရန်အတွက် LPG ဓာတ်ငွေ့ရည် သိုလှောင်ကန် ၃ ခုကိုလည်း အသုံးပြုမည်ဖြစ်ပါသည်။ စက်ရုံတွင် ရေဆိုးသန့်စင်စနစ်၊ သံမဏိပြားများ ဆေးသုတ်ခြင်းနှင့် သတ္တုရည်စိမ်ပြီးသော ထုတ်ကုန်များ၏ အရည်အသွေး စစ်ဆေးခြင်းအတွက် ဓာတ်ခွဲခန်း ၃ ခု အသုံးပြုမည်ဖြစ်ပြီး လိုအပ်သော ဓာတုကုန်ကြမ်းများ၊ သံမဏိပြားများ သတ္တုရည်စိမ်ခြင်းနှင့် ဆေးသုတ်ခြင်းလုပ်ငန်းအတွက် အခြားလိုအပ်သော စက်ပစ္စည်းများ၊ မီးခိုးခေါင်းတိုင်များ၊ ရေရှိသတ္တုဓာတ်ဖယ်ရှားသောစနစ်တွင် ပါဝင်သော စက်ပစ္စည်းနှင့် သိုလှောင်ကန်များ၊ ဓာတုပစ္စည်းများနှင့် အခြားကုန်ကြမ်း အသုံးပြုမှုများအား အောက်ဖော်ပြပါ ဇယားများအတိုင်း သုံးစွဲမည်ဖြစ်ပါသည်-

| ထုတ်လွှတ်မှု နေရာ | ခေါင်းတိုင်အမြင့် | ခေါင်းတိုင် အချင်းဝက် |
|---|---|---|
| MCL လေသန့်စင်စနစ် | အမြင့်ပေ ၃၀ မီတာ | ၇၀၀ မီလီမီတာ |
| MCL မီးပြင်းဖို ခေါင်းတိုင် | အမြင့်ပေ ၂၈ မီတာ | ၁၄၀၀ မီလီမီတာ |
| အခြောက်ခံဖို (Passivation Dryer) | အမြင့်ပေ ၂၈ မီတာ | ၄၀၀ မီလီမီတာ |
| ပေါင်းတင်ဖို (Resin Curing Oven) | အမြင့်ပေ ၂၈ မီတာ | ၄၀၀ မီလီမီတာ |
| CPL လေသန့်စင်စနစ် | အမြင့်ပေ ၃၀ မီတာ | ၆၀၀ မီလီမီတာ |
| အခြောက်ခံဖို (Pretreatment Drying Oven) | အမြင့်ပေ ၂၇.၅ မီတာ | ၄၂၀ မီလီမီတာ |
| အပူပြန်လည်သုံးစွဲမီးဖို (RTO) ၏ ခေါင်းတိုင် | အမြင့်ပေ ၃၀.၂၅ မီတာ | အောက်ခြေတွင် ၂၀၀၀ မီလီမီတာ |

| စဉ် | စနစ် | စက်ပစ္စည်း | ဖော်ပြချက် | အရေအတွက် |
|---|---|---|---|---|
| ၁။ | (မသန့်စင်ရသေးသော) ရေကိုရယူသော စနစ် | ရေသိုလှောင်ကန် | ၆ ကုဗမီတာ၊ ပိုလီအီသာလင်း (PE) ကန် | ၁ ကန် |
| ၂။ | ကြားခံ ဆန်ကာစနစ် | မက်ဂနိစ် အမှုန့် | ၂၄၀၀ လီတာ | ၂ ခု |
| ၃။ | ဓာတ်သတ္တုကြွ ဆန်ကာ စနစ် | ဓာတ်သတ္တုကြွ ကာဗွန် | ၂၄၀၀ လီတာ | ၂ ခု |
| ၄။ | လျှပ်ဆောင်အမှုန် ပြောင်းရွှေ့စနစ် | ပြန်လည်သန့်စင်သော ကန် | ၁၀၀၀ လီတာ၊ ပိုလီအီသာလင်း (PE) ကန် | ၁ ကန် |
| ၅။ | ရေတွင် ပါဝင်သော သတ္တုဓာတ်ဖယ်ရှားသော စနစ် | သန့်စင်ပြီးရေ သိုလှောင်ကန် | ၁၀၀ ကုဗမီတာ၊ သံကူကွန်ကရစ် (R.C) | ၁ ကန် |

| စဉ် | အမျိုးအစား | လုပ်ငန်းစဉ် | အရေအတွက် | လောင်စာ/လျှပ်စစ်နှင့် သုံးစွဲမှု ပမာဏ | အပူစွမ်းအင် သုံးစွဲမှု ပမာဏ |
|---|---|---|---|---|---|
| ၁။ | မီးပြင်းဖို (Annealing Furnace) | သတ္တုရည်စိမ်ခြင်း (MCL) | ၁ ခု | LPG ဓာတ်ငွေ့ရည် - ပျမ်းမျှ ၇၁၀ ကီလိုဂရမ်/ တစ်နာရီ အများဆုံး ၇၄၇ ကီလိုဂရမ်/ တစ်နာရီ | ၉.၆ မဂ္ဂါဝပ် |
| ၂။ | Passivation အရည်ကို အခြောက်ခံသော ဖို (Passivation Chemical Drying Oven) | သတ္တုရည်စိမ်ခြင်း (MCL) | ၂ ခု | LPG ဓာတ်ငွေ့ရည် - ပျမ်းမျှ ၁၅၀ ကီလိုဂရမ်/ တစ်နာရီ အများဆုံး ၂၀၀ ကီလိုဂရမ်/ တစ်နာရီ | ၂.၆ မဂ္ဂါဝပ် |
| ၃။ | သုတ်ဆေးကို အခြောက်ခံသော ဖို (Paint Line Pretreatment Drying Oven) | ဆေးသုတ်ခြင်း (CPL) | ၁ ခု | LPG ဓာတ်ငွေ့ရည် - ပျမ်းမျှ ၇၀ ကီလိုဂရမ်/ တစ်နာရီ အများဆုံး ၁၀၅ ကီလိုဂရမ်/ တစ်နာရီ | ၁.၄ မဂ္ဂါဝပ် |
| ၄။ | သုတ်ဆေးကို ပေါင်းခံသော ဖို (Paint Curing Ovens) | ဆေးသုတ်ခြင်း (CPL) | ၂ ခု | LPG ဓာတ်ငွေ့ရည် - ပျမ်းမျှ ၃၂၀ ကီလိုဂရမ်/ တစ်နာရီ အများဆုံး ၄၀၀ ကီလိုဂရမ်/ တစ်နာရီ | ၅.၂ မဂ္ဂါဝပ် |
| ၅။ | အပူပြန်လည်သုံးစွဲမီးဖို (RTO) | CPL | ၁ ခု | LPG ဓာတ်ငွေ့ရည် - ပျမ်းမျှ ၃၂၀ ကီလိုဂရမ်/ တစ်နာရီ အများဆုံး ၄၀၀ ကီလိုဂရမ်/ တစ်နာရီ | ၅.၂ မဂ္ဂါဝပ် |

| စဉ် | ဓာတုပစ္စည်းများ | နေ့စဉ် သုံးစွဲသည့် ပမာဏ | ယူနစ် |
|---|---|---|---|
| ၁။ | ဟိုက်ဒရိုကလိုရိုက် | ၄၁.၇ | ကီလိုဂရမ်/တစ်ရက် |
| ၂။ | ဆိုဒီယမ် ဟိုက်ဒရောဆိုဒ် | ၆၅.၇ | ကီလိုဂရမ်/တစ်ရက် |

| စဉ် | အမျိုးအစား | အကြောင်းအရာ | နှစ်စဉ်သုံးစွဲမှု (တန်) | သိုလှောင်မှု (တန်) | သယ်ယူပို့ဆောင်မှု နည်းလမ်း | အသုံးပြုမည့် လုပ်ငန်းစဉ် |
|---|---|---|---|---|---|---|
| ၁။ | သံမဏိ | သံမဏိအလိပ်များ | ၁၈၀,၀၀၀ | ၂၅,၀၀၀-၃၅၀၀၀ | ကုန်တင်ရေယာဉ် (သို့) ကုန်တင်ကား | လုပ်ငန်းစဉ်တစ်ခုလုံး အတွက် အဓိက ကုန်ကြမ်းပစ္စည်း |
| ၂။ | အယ်ကာလီ အရည် | လုပ်ငန်းသုံး အယ်ကာလီ အရည် | ၃၆၀ | ၂၅-၄၀ | ကုန်တင်ရေယာဉ် (သို့) ကုန်တင်ကား | အယ်ကာလီ ဆေးကြောခြင်း |

| စဉ် | အမျိုးအစား | အကြောင်းအရာ | နှစ်စဉ်သုံးစွဲမှု (တန်) | သိုလှောင်မှု (တန်) | သယ်ယူပို့ဆောင်မှု နည်းလမ်း | အသုံးပြုမည့် လုပ်ငန်းစဉ် |
|---|---|---|---|---|---|---|
| ၃။ | ဇင့် | အရည်အသွေးမြင့် ဇင့် | ၅၅၀၀ | ၃၅၀-၅၀၀ | ကုန်တင်ရေယာဉ် (သို့) ကုန်တင်ကား | သတ္တုရည်စိမ်ခြင်း |
| ၄။ | အလူမီနီယံ | အရည်အသွေးမြင့် အလူမီနီယံ | ၂၀၀၀ | ၁၅၀-၂၀၀ | ကုန်တင်ရေယာဉ် (သို့) ကုန်တင်ကား | သတ္တုရည်စိမ်ခြင်း |
| ၅။ | Passivation အရည် | Passivation အရည် | ၂၀ | ၄-၅ | ကုန်တင်ရေယာဉ် (သို့) ကုန်တင်ကား | ဓာတုဆေးရည် သုတ်လိမ်းခြင်း |
| ၆။ | အက်ခရီလစ် အရည်ကြည် (Acrylic Resin) | ရေအခြေခံထုတ် ထားသောသုတ်ဆေး | ၉၀ | ၁၀၀-၂၀၀ | ကုန်တင်ရေယာဉ် (သို့) ကုန်တင်ကား | အောက်ခံနှစ် ဆေးရည် သုတ်လိမ်းခြင်း |

| စဉ် | အမျိုးအစား | အခြေအနေ | အသုံးပြုသော လုပ်ငန်းစဉ် | သုံးစွဲမှု ပမာဏ | သိုလှောင်မှု ပမာဏ |
|---|---|---|---|---|---|
| ၁။ | ဟိုက်ဒရိုဂျင် | ဓာတ်ငွေ့ | MCL (မီးပြင်းဖို) | ၂၀၀၀ မှ ၂၃၀၀ Nm3/day | သိုလှောင်မှု မရှိပါ။ လိုအပ်သလို ပိုက်ဖြင့် သွယ်တန်းကာ ရယူပါမည်။ |
| ၂။ | နိုက်ထရိုဂျင် | ဓာတ်ငွေ့ | MCL (မီးပြင်းဖို) | ၈၅၀၀ မှ ၉၅၀၀ Nm3/day | သိုလှောင်မှု မရှိပါ။ လိုအပ်သလို ပိုက်ဖြင့် သွယ်တန်းကာ ရယူပါမည်။ |
| ၃။ | အိုကာန်ကုတ် အက်ဖ်ဝမ်း Okemcoat F1 | အရည် | MCL (Passivation ဆေးရည် သုတ်ခြင်း) | တစ်နှစ်လျှင် ၂၀ တန် | ၄ - ၅ တန် |


| စဉ် | အမျိုးအစား | အခြေအနေ | အသုံးပြုသော လုပ်ငန်းစဉ် | သုံးစွဲမှု ပမာဏ | သိုလှောင်မှု ပမာဏ |
|---|---|---|---|---|---|
| ၄။ | ဘွန်ဒီရိုက် ၁၄၀၂ ဒဗလျူ Bonderite 1402W | အရည် | CPL (သံမဏိပြား မျက်နှာပြင်ကို ပြင်ဆင်ခြင်း) | တစ်နှစ်လျှင် ၂၀ တန် | ၄ - ၅ တန် |
| ၅။ | အောက်ခံ ပရိုင်မာ ဆေး | အရည် | CPL (အောက်ခံ ပရိုင်မာဆေး) | ၅၀၀ တန် | ၂၅ - ၅၀ တန် |
| ၆။ | အပေါ်သုတ်ဆေး | အရည် | CPL (အပေါ်ဆေး Finish Coating) | ၁၅၀၀ တန် | ၇၅ - ၁၅၀ တန် |
| ၇။ | ဆော်ဘယ်ဆို ၁၅၀ SOLVESSO 150 | အရည် | CPL (ဆေးသုတ်စက်များ ကို သန့်ရှင်းခြင်းနှင့် ဆေး၏ စေးကပ်မှုကို ပြုပြင်ခြင်း) | ၁၀၀ တန် | ၁၀ တန် |
| ၈။ | ကော့စတစ် ဆိုဒါ | အရည် | ရေသန့်စင်စနစ် (DWP) | တစ်နေ့လျှင် ၆၀ ကီလိုဂရမ် | ၅၀၀ ကီလိုဂရမ် |
| ၉။ | ဆာလဖျူရစ် အက်စစ် | အရည် | ရေဆိုးသန့်စင်စနစ် (WWTF) | တစ်နေ့လျှင် ၄၀ ကီလိုဂရမ် | ၁ ကုဗမီတာ |
| ၁၀။ | ကယ်လ်ဆီယံ ဟိုက်ဒရောဆိုဒ် | အစိုင်အခဲ | ရေဆိုးသန့်စင်စနစ် (WWTF) | တစ်နှစ်လျှင် ၅၀ တန် | ၁ တန် |
| ၁၁။ | ဖယ်ရပ်စ် ဆာလဖိတ် | အစိုင်အခဲ | ရေဆိုးသန့်စင်စနစ် (WWTF) | တစ်နှစ်လျှင် ၄၀ တန် | ၁ တန် |
| ၁၂။ | ပိုလီအီလက်ထရိုလိုက် | အရည် | ရေဆိုးသန့်စင်စနစ် (WWTF) | တစ်နှစ်လျှင် ၁၂၀ ကီလိုဂရမ် | ၂၀ ကီလိုဂရမ် |
| ၁၃။ | ဆိုဒီယမ် မီတာဘိုင် ဆာလ်ဖိုက် | အစိုင်အခဲ | ရေဆိုးသန့်စင်စနစ် (WWTF) | တစ်နှစ်လျှင် ၁၅ တန် | ၀.၅ တန် |
| ၁၄။ | ဆာလဖျူရစ် အက်စစ် | အရည် | ရေသန့်စင်စနစ် (DWP) | တစ်နှစ်လျှင် ၂၅၀ တန် | ၈ ကုဗမီတာ |
| ၁၅။ | အယ်ပီဂျီ ဓာတ်ငွေ့ရည် | ဓာတ်ငွေ့ | မီးပြင်းဖိုနှင့် ဖို (oven) အတွက် လောင်စာ | ၁၅၀၀၀ မှ ၁၆၀၀၀ Nm3/day | တန် ၃၀ - ၆၀ |
| ၁၆။ | AL80TD (တိုနာ အနက်မှုန့်) | အမှုန့် | ပုံနှိပ်စက်နှင့် မိတ္တူကူးစက် | - | - |
| ၁၇။ | ဒီဇယ် | အရည် | မော်ကလစ်-၁ (၃ အန်တီ) မော်ကလစ်-၂ (၁၀ အန်တီ) | ၂×၄၁၀ လီတာ/ နာရီ ၆၀ လီတာ/ နာရီ ၈၀ လီတာ/ နာရီ | ၁၄ ကုဗမီတာ |

၅။ **စီမံကိန်းတည်နေရာ။** စီမံကိန်းတည်နေရာမှာ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သီလဝါအထူးစီးပွားရေးဇုန်အပိုင်း(ခ)၊ မြေကွက်အမှတ်(ဘီစီ-၁)တွင် တည်ရှိပါသည်။


JFE Myanmar Coated Steel Co.,Ltd. မှ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သီလဝါအထူး
စီးပွားရေးဇုန်(အပိုင်း-ခ)၊ မြေကွက်အမှတ်(ဘီစီ-၁)၊ မြေဧရိယာ ၇၇,၈၀၀ စတုရန်းမီတာတွင်
အကောင်အထည်ဖော်ဆောင်ရွက်မည့် သံမဏိပြားများကို သတ္တုရည်စိမ်ခြင်းနှင့် ဆေးသုတ်ခြင်း
လုပ်ငန်းအတွက် တည်နေရာပြမြေပုံ




**JFE Myanmar Coated Steel Co.,Ltd. မှ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သီလဝါအထူး စီးပွားရေးဇုန်(အပိုင်း-ခ)၊ မြေကွက်အမှတ်(ဘီစီ-၁)၊ မြေဧရိယာ ၇၇,၈၀၀ စတုရန်းမီတာတွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် သံမဏိပြားများကို သတ္တုရည်စိမ်ခြင်းနှင့် ဆေးသုတ်ခြင်း လုပ်ငန်းအတွက် Layout Plan**



## JFE Myanmar Coated Steel Co.,Ltd. မှ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သီလဝါအထူး စီးပွားရေးဇုန်(အပိုင်း-ခ)၊ မြေကွက်အမှတ်(ဘီစီ-၁)၊ မြေဧရိယာ ၇၇,၈၀၀ စတုရန်းမီတာတွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် သံမဏိပြားများကို သတ္တုရည်စိမ်ခြင်းနှင့် ဆေးသုတ်ခြင်း လုပ်ငန်းအတွက် သတ္တုရည်စိမ်ခြင်း လုပ်ငန်းစဉ်ပြပုံ



## JFE Myanmar Coated Steel Co.,Ltd. မှ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သီလဝါအထူးစီးပွားရေးဇုန်(အပိုင်း-ခ)၊ မြေကွက်အမှတ်(ဘီစီ-၁)၊ မြေဧရိယာ(၇၇,၈၀၀)စတုရန်းမီတာတွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် သံမဏိပြားများကို သတ္တုရည်စိမ်ခြင်းနှင့် ဆေးသုတ်ခြင်း လုပ်ငန်းအတွက် သံမဏိပြားဆေးသုတ်ခြင်း လုပ်ငန်းစဉ်ပြပုံ



နောက်ဆက်တွဲ (ခ)

**ကတိကဝတ်များ၊ စည်းကမ်းသတ်မှတ်ချက်များနှင့် အထွေထွေစည်းကမ်းများ**

**ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာအရ လိုက်နာဆောင်ရွက်ရမည့် ကတိကဝတ်များ**

၆။ JFE Myanmar Coated Steel Co., Ltd.(ယခင် JFE Meranti Myanmar Co., Ltd.) မှ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သီလဝါအထူးစီးပွားရေးဇုန်အပိုင်း(ခ)၊ မြေကွက်အမှတ် (ဘီစီ-၁)၊ မြေဧရိယာစုစုပေါင်း(၇၇,၈၀၀)စတုရန်းမီတာတွင် အဆင့်(၁)၌တစ်နှစ်လျှင် သတ္တုရည်စိမ်ပြီးဖြစ်သော သံမဏိပြားများကို ဆေးသုတ်ခြင်း တန်ချိန်(၁၀၀,၀၀၀)နှင့် အဆင့်(၂)၌ တစ်နှစ်လျှင် သံမဏိပြားများကို သတ္တုရည်စိမ်ခြင်း တန်(၁၈၀,၀၀၀)မှ သတ္တုရည်စိမ်ထားသော တန်ချိန် ၁၀၀,၀၀၀ ကို ဆေးသုတ်ခြင်းလုပ်ငန်းအတွက် သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီ၏ ၂၆-၁၂-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ သလဝ-၂/TSEZ/၂၀၂၄(၅၂၄၅)ဖြင့် တင်ပြထားသည့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း(EIA)အစီရင်ခံစာတွင် ဖော်ပြထားသည့် အောက်ပါကတိကဝတ်များကို အလေးထား လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်း။** စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု)လမ်းညွှန်ချက်များနှင့် စီမံကိန်းနှင့်သက်ဆိုင်သည့် အခြား မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများကို လိုက်နာဆောင်ရွက်ရမည်။

(ခ) **စီမံကိန်းဆောင်ရွက်မည့် လုပ်ငန်းစဉ်။** အဆိုပြုစီမံကိန်းသည် ထုတ်လုပ်ရေးလုပ်ငန်းစဉ်တွင် သံမဏိပြားသတ္တုရည်စိမ်ခြင်းလုပ်ငန်း(Metal Coating Line-MCL)၊ သံမဏိပြား ဆေးသုတ်ခြင်းလုပ်ငန်း(Coiling Painting Line-CPL)၊ သတ္တုရည်စိမ်ခြင်း၊ သံမဏိပြားပြန်ရစ်ခွေခြင်း၊ စစ်ဆေးခြင်းနှင့် ဖြတ်တောက်ခြင်း၊ သံမဏိအလိပ်ကို ထုပ်ပိုးခြင်းတို့ ဆောင်ရွက်မည်ဖြစ်ပြီး သံမဏိပြား သတ္တုရည်စိမ်ခြင်းလုပ်ငန်း(Metal Coating Line-MCL)လုပ်ငန်းစဉ်တွင် သံမဏိပြားများကို ပြင်ဆင်ခြင်း၊ သံမဏိပြားများကို သန့်စင်ခြင်း၊ သံမဏိပြား အပူပေးခြင်းနှင့် ဒဏ်ကြေဖြေခြင်း၊ သတ္တုရည်စိမ်ခြင်း(သွပ်ရည်စိမ်ခြင်း/ အလူမီနီယမ် / သွပ်ရည်စိမ်ခြင်း)၊ အအေးခံခြင်းနှင့် အခြောက်ခံခြင်း၊ မျက်နှာပြင်ပြုပြင်ခြင်း၊ ဆွဲဆန့်အား ထိန်းညှိခြင်း၊ ဓာတုနှင့် အော်ဂဲနစ်ဆေးရည်သုတ်ခြင်း၊ တံဆိပ်ခတ်နှိပ်ခြင်းနှင့် သံမဏိပြားများကို ပြန်လိပ်ခွေခြင်း လုပ်ငန်းများကို ဆောင်ရွက်မည်ဖြစ်ပြီး သံမဏိပြားဆေးသုတ်ခြင်းလုပ်ငန်း(Coiling Painting Line-CPL)လုပ်ငန်းစဉ်တွင် သံမဏိပြားအလိပ်ကို ဖြန့်ခြင်း၊ ဖြတ်တောက်ခြင်းနှင့် ချုပ်စက်ခြင်း၊ စုပုံစက်တွင် စုပုံခြင်း၊ အောက်ခံ ပရိုင်မာဆေးနှင့် အပေါ်ဆေး တစ်ထပ်သုတ်ခြင်း၊ ရေစိမ်ခြင်း၊ အပြီးသတ်ခြင်းတို့ ဆောင်ရွက်မည် ဖြစ်ပါသည်။

(ဂ) **လေထုအရည်အသွေး စီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အလိုအလျောက် လျှပ်စစ်ဂဟေဆော်စက်အား တပ်ဆင် အသုံးပြုရန်၊

(၂) ထုတ်ကုန်ပမာဏကို အခြေခံ၍ အရည်အသွေးကောင်းမွန်သော အခိုးအငွေ့ သန့်စင်သည့်စက်အား လုံလောက်သော ခေါင်းတိုင်အမြင့် တပ်ဆင်၍ အသုံးပြုရန်၊

(၃) ဓာတ်တိုးခြင်းမရှိဘဲ တိုက်ရိုက် အပူပေးခြင်း(Non- Oxidising Furnace - NOF)နှင့် ရောင်ခြည်သုံးအပူပေးခြင်း(Radiant Tube Furnace - RTF) တို့တွင် $NO_x$ ထုတ်လွှတ်မှုလျှော့ချနိုင်သော Burner အမျိုးအစားများကို လုံလောက်သောခေါင်းတိုင်အမြင့်ဖြင့် တပ်ဆင် အသုံးပြုခြင်းနှင့် အပူပြန်လည်သုံးစွဲမီးဖိုအား လုံလောက်သော ခေါင်းတိုင်အမြင့်ဖြင့် တပ်ဆင် အသုံးပြုရန်၊

(၄) လေဝင်လေထွက်စနစ်များအား ပုံမှန်စစ်ဆေးခြင်းနှင့် ထိန်းသိမ်းပြုပြင်ခြင်း၊ အခိုးအငွေ့သန့်စင်သည့်စက်များ၊ Burner များ၊ အပူပြန်လည်သုံးစွဲမီးဖို၊ မီးပြင်းဖိုများနှင့် အလုံပိတ်မီးဖိုများအား ပုံမှန် စစ်ဆေးရန်နှင့် ထိန်းသိမ်းပြုပြင်ရန်၊

(၅) Burner များကို အသုံးပြု၍ နိုက်ထရိုဂျင်အောက်ဆိုဒ် ဓာတ်ငွေ့များအား လျှော့နည်းစေခြင်း၊ ဖန်လုံအိမ်အာနိသင်ရှိ ဓာတ်ငွေ့ထုတ်လွှတ်မှုများ လျှော့နည်းစေရန် LPG လောင်စာ အသုံးပြုခြင်း၊ အပူပြန်လည်သုံးစွဲမီးဖိုတွင် အငွေ့ပျံလွယ်သော အော်ဂဲနစ်ဒြပ်ပေါင်းများနှင့် ကာဗွန်ဒိုင်အောက်ဆိုဒ်များ လောင်ကျွမ်းမှုကြောင့် ဖြစ်ပေါ်လာသောအပူများကို အပူကူးပြောင်းကိရိယာ အသုံးပြု၍ အပူပြန်လည်ရယူခြင်းနှင့် လောင်ကျွမ်းမှုကို ဆက်လက်ထိန်းထားနိုင်သောအခန်းများ အသုံးပြုရန်၊

(၆) လေအရည်အသွေးအား ထုတ်လွှတ်အခိုးအငွေ့စံချိန်စံညွှန်းတို့နှင့်စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု)လမ်းညွှန်ချက်များနှင့် IFC General EHS Guidelines တို့ကို လိုက်နာဆောင်ရွက်ရန်။

(ဃ) **ရေအရည်အသွေး စီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ရေထုအရည်အသွေးပေါ် သက်ရောက်မှုများအားလျှော့ချရန် အရည်အသွေးပြည့်မီသော သန့်စင်မှုနည်းပညာနှင့် သတ်မှတ်ထားသည့် သန့်စင်မှုအတိုင်းအတာ ပြည့်မီသော ရေဆိုးသန့်စင်စနစ်တပ်ဆင်ခြင်း၊ ရေဆိုးသန့်စင်စနစ်အား ပုံမှန် ပြုပြင်ထိန်းသိမ်းရန်နှင့် ကောင်းမွန်စွာ ကိုင်တွယ်အသုံးပြုရန်၊

(၂) လုပ်ငန်းသုံး၊ ရုံးနှင့် စားသောက်ခန်းသုံး ရေဆိုးများအား Septic-sewage System ဖြင့် Pre-Treatment ပြုလုပ်ပြီး MJTD ၏ ဗဟိုရေဆိုးသန့်စင်စက်သို့ ပေးပို့သန့်စင်စေခြင်း၊ မိလ္လာရေဆိုးသန့်စင်စက်အား ပုံမှန် ပြုပြင်ထိန်းသိမ်းရန်နှင့် ကောင်းမွန်စွာ အသုံးပြုရန်၊

(၃) မိုးရေစုမြောင်းစနစ်အတွက် အနည်စုကန်များ ထားရန်နှင့် ပုံမှန် ထိန်းသိမ်းပြုပြင် ဆောင်ရွက်ရန်၊

(၄) စွန့်ထုတ်အရည်အသွေးနှင့်စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု)လမ်းညွှန်ချက်များ၊ သီလဝါအထူးစီးပွားရေးဇုန်၏ Internal Regulations နှင့်အညီ လိုက်နာဆောင်ရွက်ရန်။

(င) **မြေအရည်အသွေး စီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မြေကျွံမှုများ မဖြစ်ပေါ်စေရန် လုပ်ငန်းလည်ပတ်စဉ်ကာလတွင် မြေအောက်ရေများ ထုတ်ယူမသုံးစွဲခြင်းနှင့် မြေပြင်နိမ့်ဝင်စေနိုင်သည့် အလားအလာရှိသောလုပ်ဆောင်ချက်များကို ဆောင်ရွက်ခြင်း မပြုရန်၊

(၂) အဆောက်အဦများနှင့် စက်ပစ္စည်းများ၏ အလေးချိန်များ၊ တည်ငြိမ်/ရွေ့လျားနေသော အလေးချိန်များကို အသိအမှတ်ပြုလက်မှတ် ရရှိထားသော အင်ဂျင်နီယာများမှ တွက်ချက်ထားပြီး အဆောက်အဦများ၏ အခြေခံအုတ်မြစ်များကို ထိုအလေးချိန်ခံနိုင်သော ပုံစံဒီဇိုင်း ပြုလုပ်ထားခြင်း၊ အခြေခံအုတ်မြစ်အား ဖိအားပေး ပိုင်တိုင်ရိုက်သွင်းသည့် ပုံစံအသုံးပြုထားပြီး ထိုအပေါ်တွင် သံမဏိအားဖြည့် ကွန်ကရစ်အလွှာအုပ်ထားသောဒီဇိုင်းကို အဆောက်အဦများနှင့် စက်ပစ္စည်းများ ထားရှိသည့်နေရာများအောက်တွင် အသုံးပြုရန်၊

(၃) အလေးချိန်အားလုံးအား ခံဆောင်နိုင်သော လုံလောက်မှုရှိသည့် ပိုင်တိုင်များကို ရိုက်သွင်းအသုံးပြုခြင်း၊ ရွေးချယ်ထားသောပိုင်တိုင်များ၏ ဝန်အားခံနိုင်မှုကို ထည့်သွင်းစဉ်းစားထားသည့် အခြေခံအုတ်မြစ်ပုံစံသည် အဆောက်အဦ၏ ထောက်တိုင်များအောက်တွင် ၁၅ မီလီမီတာနှင့် စက်ပစ္စည်းများထားရှိသည့်နေရာအောက်တွင် အများဆုံးနိမ့်ကျနိုင်မှုမှာ ၃ မီလီမီတာထိ မြေပြင်နိမ့်ကျမှုကို ခံနိုင်ရည်ရှိအောင် ဆောင်ရွက်ရန်၊

(၄) မြေဆီလွှာအပေါ် သက်ရောက်မှုများအားလျှော့ချရန် ထုတ်လုပ်ရေးလုပ်ငန်းစဉ်တွင် အသုံးပြုသော ဓာတုပစ္စည်းများ၊ ဖျော်ရည်များနှင့် သုတ်ဆေးများကို ဖိတ်ကျယိုစိမ့်မှုများ မဖြစ်ပေါ်စေရန် နေရာများ သတ်မှတ်ထားခြင်း၊

သိုလှောင်ရုံများကို အောက်ခံအမာကွန်ကရစ်များဖြင့် တည်ဆောက်ခြင်းနှင့် ဓာတုပစ္စည်းများသိုလှောင်ရာနေရာတွင် ဓာတုပစ္စည်းဒဏ်ခံနိုင်သော အလွှာများ သုတ်ပေးခြင်း၊ ဓာတုပစ္စည်းများနှင့် လောင်စာဆီများကို သယ်ယူရာတွင် အတတ်နိုင်ဆုံး လက်ဖြင့် ကိုင်တွယ်ခြင်းများ မပြုလုပ်ရန်၊

(၅) ကွန်ကရစ်ကြမ်းခင်းများဖြင့် လောင်စာသိုလှောင်ကန်များကို ဒီဇိုင်း ပြုလုပ်ခြင်းနှင့် ဓာတုပစ္စည်းများ သိုလှောင်ရာနေရာအနီးတွင် ယိုဖိတ်မှုများကို ကာကွယ်သော ကာကွယ်ရေးပစ္စည်းများ လုံလောက်စွာ ထားရှိရန်၊

(၆) ဓာတုပစ္စည်းများနှင့် လောင်စာဆီများ သိုလှောင်သည့်နေရာနှင့် ပိုက်လိုင်း များကို စောင့်ကြပ်စစ်ဆေးရန်။

(စ) **ဆူညံသံစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ဆူညံသံထွက်နိုင်သော စက်ပစ္စည်းများနှင့် ကိရိယာများအား အလုံပိတ် အခန်းများတွင် ထားရှိရန်၊

(၂) ဆူညံသံများ လျှော့ချပေးသောကိရိယာများကို လိုအပ်လျှင် တပ်ဆင်ခြင်းနှင့် ဆူညံမှုများသော နေရာများတွင် လုပ်ကိုင်သော ဝန်ထမ်းများအတွက် လုံလောက်သော PPE(နားကြပ်)များ ထောက်ပံ့ရန်၊

(၃) စက်ပစ္စည်းကိရိယာများ ပုံမှန် ပြုပြင်ထိန်းသိမ်းခြင်းနှင့် စစ်ဆေးရန်၊

(၄) ဆူညံသံ စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်ကို စက်ရုံနယ်နိမိတ်နှင့် ထုတ်လုပ်သည့် ဧရိယာများတွင် တိုင်းတာခြင်းများ ဆောင်ရွက်ရန်။

(ဆ) **အနံ့ထွက်ရှိမှု စီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အနံ့ဆိုးကြောင့်သက်ရောက်မှုများကိုလျှော့ချရန် အငွေ့ပျံနိုင်သော သုတ်ဆေး ရည်များမှ အနံ့ထွက်ရှိမှုများကို အပူပြန်လည်သုံးစွဲမီးဖို(RTO)တွင် အပူချိန် တိုး၍ အနံ့ထွက်ရှိမှုအား လျှော့ချရန်၊

(၂) ရေဆိုးသန့်စင်စနစ်မှ အနည်အနှစ်များအား အမှိုက်သို လှောင်သည့်နေရာရှိ ယာယီအမှိုက်သိုလှောင်ကန်များတွင် သိမ်းဆည်းသိုလှောင်၍ သတ်မှတ် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲသည့်နေရာသို့ ပို့ဆောင်ရန်၊

(၃) မိလ္လာကန်များအား အနံ့ဆိုးထွက်ရှိမှု မရှိစေရန် ဒီဇိုင်းပြုလုပ်ထားခြင်း၊ ဖြစ်နိုင်ခြေရှိသောပြဿနာများနှင့် အနံ့အသက် များကိုလျှော့ချနိုင်ရန် မိလ္လာ ကန်အညစ်အကြေးများကို ပုံမှန် ရှင်းလင်းရန်။

(ဇ) **စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု။** တစ်ဖက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အန္တရာယ်ရှိနှင့် အန္တရာယ်မရှိသော စွန့်ပစ်ပစ္စည်းများနှင့် စက်ရုံထွက်/ လူသုံးစွန့်ပစ်ပစ္စည်းများအား ခွဲခြားသိမ်းဆည်းခြင်း၊ ခွဲခြားထားသော အမှိုက်များအား သီးခြားကန်များ၊ ထည့်စရာပုံးများဖြင့် သိမ်းဆည်းခြင်း၊ အမှိုက်များအား ကောင်းမွန်စွာ ထိန်းသိမ်းထားရန်နှင့် မိုးလေဒဏ်များမှ ကာကွယ်ထားခြင်း၊ အမှိုက်ထိန်းသိမ်းထားသည့်နေရာတွင် ဖိတ်စင်မှု၊ ယိုဖိတ်မှုနှင့် အနံ့ဆိုးများ မဖြစ်ပေါ်စေရန် စစ်ဆေးခြင်း၊ အန္တရာယ်ဖြစ်မှုများအား ဖော်ထုတ်သတ်မှတ်နိုင်ရန် ကန်များနှင့် ထည့်စရာပုံးများတွင် လုံလောက်စွာ အမည်တပ်ခြင်းတို့ ဆောင်ရွက်ရန်၊

(၂) စွန့်ပစ်ပစ္စည်းများနှင့်စပ်လျဉ်း၍ အမျိုးအစားခွဲခြား၍ စွန့်ပစ်မည့်ပစ္စည်းများစာရင်း၊ ရောင်းချမည့် စွန့်ပစ်ပစ္စည်းစာရင်းနှင့် ပြန်လည်အသုံးပြုမည့် စွန့်ပစ်ပစ္စည်းစာရင်း ပြုစုထားရှိရန်၊

(၃) စွန့်ပစ်ပစ္စည်းများကို Waste Storage Area တွင် Label များ တပ်ဆင်ထားသည့် Container များဖြင့် ယာယီထားရှိပြီး သက်ဆိုင်ရာရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ချိတ်ဆက် စွန့်ပစ်ရန်၊

(၄) ဘေးအန္တရာယ်ရှိ ပစ္စည်းများနှင့် ဓာတုပစ္စည်းများနှင့်စပ်လျဉ်း၍ အသုံးပြုမည့် သိုလှောင်သိမ်းဆည်းခြင်း၊ သယ်ယူပို့ဆောင်ခြင်းနှင့် စွန့်ပစ်မည့်အန္တရာယ်ရှိပစ္စည်းများစာရင်းကို ပြည့်စုံစွာ ပြင်ဆင်ခြင်း၊ ဓာတုပစ္စည်းများ ကိုင်တွယ်အသုံးပြုရမည့် အလုပ်သမားများကို သင်တန်းများပေးခြင်း၊ ဘေးအန္တရာယ်ရှိပစ္စည်းများစာရင်းတွင် ပါဝင်သော အမျိုးအစားတစ်ခုချင်းစီအတွက် သိမ်းဆည်းခြင်း၊ အသုံးပြုခြင်း၊ သယ်ယူပို့ဆောင်ခြင်းနှင့် စွန့်ပစ်ခြင်းစသည့် နည်းလမ်းတို့ကို ဖော်ပြထားသော ဘေးအန္တရာယ်ရှိပစ္စည်းများ စီမံခန့်ခွဲမှုအစီအစဉ်ကို ကြိုတင်ဆောင်ရွက်ရန်၊

(၅) ယိုဖိတ်မှု/ ယိုစိမ့်မှု ဖြစ်ပေါ်ပါက အရေးပေါ်တုံ့ပြန်ရေးအစီအစဉ်များကို ပြုလုပ်ရန် ပြင်ဆင်ထားခြင်း၊ ဓာတုပစ္စည်းလမ်းညွှန်ချက်များနှင့် ဓာတုပစ္စည်းများ ကိုင်တွယ်အသုံးပြုရာတွင် အန္တရာယ်ကင်းရှင်းစေရန် ပစ္စည်းနှင့် သက်ဆိုင်သည့် အချက်အလက်များ Safety Data Sheet(SDS)ကို ဓာတုပစ္စည်းများသိုလှောင်ထားသော သေတ္တာများ၊ ပုလင်းများနှင့် ကွန်တိန်နာပုံးများပေါ်တွင် သတိပေးစာများ ကပ်ထားရန်၊

(၆) စက်မှုလုပ်ငန်းသုံး ဓာတ်ငွေ့များအတွက် ဓာတ်ငွေ့ပိုက်လိုင်းများ၊ လောင်စာဆီနှင့် ဘေးအန္တရာယ်ရှိပစ္စည်းများ သိုလှောင်သိမ်းဆည်းခြင်းအတွက် ပုံမှန်စစ်ဆေးခြင်း၊ ကန့်သတ်ထားသော ဘေးအန္တရာယ်ရှိပစ္စည်းများနှင့် ဓာတုပစ္စည်းများကို သယ်ယူပို့ဆောင်ရာတွင် ပစ္စည်းအမျိုးအစားအပေါ် မူတည်၍

သတ်မှတ်ထားသော ထုပ်ပိုးမှုစနစ်အတိုင်း သေချာစွာ စနစ်တကျ ထုပ်ပိုး စွန့်ပစ်ရန်၊

(၇) သယ်ယူပို့ဆောင်ရာတွင် မတော်တဆဖြစ်မှု လျော့နည်းသွားပြီး မဖြစ်ပေါ်စေရန် ကြိုတင်၍ပြင်ဆင်ထားခြင်း၊ မော်တော်ယာဉ်များကို ပြဋ္ဌာန်းထားသော သယ်ယူပို့ဆောင်ရေး နည်းလမ်းများ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့် အညီ ဘေးအန္တရာယ်ရှိပစ္စည်းများနှင့် ဓာတုပစ္စည်းများအား သယ်ယူ ပို့ဆောင်ခြင်း၊ လုပ်ငန်းလိုအပ်ချက်များအရ သီးခြားမော်တော်ယာဉ်ဖြင့်သာ သယ်ယူပို့ဆောင်ရန်။

(ဈ) **လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး စီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေထုညစ်ညမ်းခြင်း၊ ဆူညံသံနှင့်တုန်ခါမှု၊ အပူလွန်ကဲမှုမှ ကာကွယ်ခြင်း၊ လုပ်ငန်းခွင်ထိခိုက်မှုမှ ကာကွယ်ရန်၊ အန္တရာယ်ရှိသော ပစ္စည်းသက်ရောက်မှုမှ ကာကွယ်ရန်၊ ကူးစက်ရောဂါသက်ရောက်မှုမှ ကာကွယ်ရန်အစီအမံများ ဆောင်ရွက်ထားရန်၊

(၂) ရှေးဦးသူနာပြု အခန်းထားရှိခြင်း၊ မီးဘေးအန္တရာယ်၊ အရေးပေါ်လူနာတင်ယာဉ်နှင့်ရဲစခန်းတို့၏ အရေးပေါ်ကယ်ဆယ်ရေး ဖုန်းနံပါတ်များ ထားရှိခြင်း၊ လုပ်ငန်းခွင်ဆိုင်ရာ ဘေးအန္တရာယ်ကင်းရှင်းရေး သင်တန်းများပေးခြင်း၊ အရေးပေါ်အန္တရာယ်တုံ့ပြန်ရေးနှင့် အရေးပေါ်လေ့ကျင့်မှုများ ပြုလုပ်ရန်၊

(၃) စက်ရုံဝန်းအတွင်း မော်တော်ယာဉ်များအား သတ်မှတ်အမြန်နှုန်းအတွင်းသာ မောင်းနှင်ရန်၊

(၄) အများပြည်သူကျန်းမာရေးနှင့် လူမှုဝန်းကျင်၊ အများပြည်သူဘေးအန္တရာယ်ကင်းရှင်းရေး၊ အများပြည်သူဘေးကင်းလုံခြုံရေးတို့အတွက် အစီအမံများကို ဆောင်ရွက်ရန်။

(ည) **မီးဘေးအန္တရာယ် စီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အရေးပေါ်မီးဘေးကာကွယ်သည့်စနစ်များ၊ မီးသတ်ဆေးဘူးများ၊ မီးသတ်ရေသိုလှောင်ကန်များ၊ အချက်ပြစနစ်များနှင့် သတိပေးစနစ်များ လုံလောက်အောင် တပ်ဆင်ထားရှိရန်၊

(၂) လောင်စာဆီ သိုလှောင်သည့်နေရာတွင် သတိပေး ဆိုင်းဘုတ်များ တပ်ဆင်ထားရှိရန်၊

(၃) လျှပ်စစ်ပစ္စည်းများကို ဘေးကင်းအောင် အသုံးပြုရန်နှင့် စစ်ဆေးရန်၊

(၄) ဂဟေဆော်ခြင်းနှင့် ဖြတ်တောက်ခြင်း လုပ်ငန်းများတွင် အန္တရာယ်ကင်းရှင်းအောင် အစီအမံများ ထားရှိရန်၊

(၅) အရေးပေါ်အန္တရာယ်တုံ့ပြန်ရေး အစီအစဉ် (အရေးပေါ်ထွက်ပေါက်များနှင့် အရေးပေါ်စုရပ်များ စီစဉ် ထားရှိရန်။

(ဋ) **စောင့်ကြပ်ကြည့်ရှုမှု စီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေးနှင့်စပ်လျဉ်း၍ ပတ်ဝန်းကျင်လေအရည်အသွေးကို CO, $CO_2$, $O_3$, $NO_2$, $PM_{2.5}$ နှင့် $PM_{10}$ တို့အား စက်ရုံပတ်ဝန်းကျင်တွင် တစ်နှစ်လျှင် ၂ ကြိမ်(၁ ကြိမ်လျှင် ၄ ရက်ကြာ)၊ Fume Scrubber ခေါင်းတိုင်မှ ထွက်သော ဆိုဒီယမ်ဟိုက်ဒရောဆိုဒ်၊ ဓာတ်တိုးခြင်းမရှိဘဲ တိုက်ရိုက် အပူပေးသော နေရာနှင့် နေရောင်ခြည်သုံး အပူပေးသောနေရာများတွင် $NO_x$ နှင့် ဆေးသုတ်ထားသောသတ္တုများကို အခြောက်ခံသည့် မီးဖိုနေရာ များတွင် $NO_x$၊ $PM_{10}$ နှင့် VOC များကို စက်ရုံတွင်း၌ လည်ပတ်ရေးကာလတွင် တစ်နှစ်လျှင် ၂ ကြိမ် (၁ ကြိမ်လျှင် ၃၀ မိနစ် သို့မဟုတ် တစ်နာရီကြာ)၊ စက်ရုံတွင်း လုပ်ငန်းခွင် လေထု၏ အငွေ့ပျံလွယ်သော အော်ဂဲနစ်ဒြပ်ပေါင်း (VOCs)များဖြစ်သည့် NaOH၊ Methyl Ethyl Ketone၊ Toluene၊ Xylene၊ Hydrochloric acid၊ Methanol၊ Ethanol၊ Amyl alcohol၊ Nitric acid၊ Picric acid ပါဝင်မှု ပမာဏကို မြန်မာနိုင်ငံရှိ ဓာတ်ခွဲခန်းများတွင် တိုင်းတာ၍ရပါက တိုင်းတာခြင်းကို တစ်နှစ်လျှင် ၂ ကြိမ် စောင့်ကြည့်တိုင်းတာခြင်းနှင့် စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား တစ်နှစ်လျှင် ၂ ကြိမ် တင်ပြရန်၊

(၂) ရေအရည်အသွေးနှင့်စပ်လျဉ်း၍ မိလ္လာရေဆိုးသန့်စင်စနစ်(STP)တွင် သန့်စင်ပြီးရေဆိုးနှင့် စက်ရုံ၏လုပ်ငန်းသုံးရေဆိုးများကို စွန့်ထုတ်မည့် နောက်ဆုံးနေရာတွင် Aluminum၊ Tin နှင့် Volatile Organic Halogens ပါရာမီတာတို့ကို စောင့်ကြည့်တိုင်းတာသွားခြင်း၊ ရေဆိုးသန့်စင်စနစ် (Waste Water Treatment Facility - WWTF)ဖြင့် သန့်စင်ပြီးသည့် လုပ်ငန်းသုံးစွန့်ပစ်ရေဆိုး၏ pH၊ Total Dissolved solids၊ Temperature စသည့် ပါရာမီတာ(၃)မျိုးကို အပတ်စဉ်၊ BOD၊ Suspended Solids၊ COD၊ Chromium (total)၊ Chromium (Hexavalent)၊ Iron၊ Oil & Grease၊ Free Chlorine၊ Zinc၊ Color၊ Wastewater volume စသည့် ပါရာမီတာ(၁၁)မျိုးကို လစဉ်၊ Total Nitrogen (T-N)၊ Ammonia၊ Total Phosphorus၊ Aluminum၊ Tin၊ Volatile Organic Halogens စသည့်ပါရာမီတာ(၆)မျိုးကို ၃ လလျှင် တစ်ကြိမ်နှင့် Sulphide၊ Cyanide၊ Total cyanide၊ Formaldehyde၊

AnyScanner

Phenols၊ Arsenic ၊ Copper၊ Mercury၊ Cadmium၊ Barium၊ Selenium၊ Lead၊ Nickel၊ Fluoride၊ Silver စသည့်ပါရာမီတာ(၁၅)မျိုးကို တစ်နှစ်လျှင် (၂)ကြိမ် စောင့်ကြည့် တိုင်းတာရန်နှင့် စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား တစ်နှစ်လျှင် ၂ ကြိမ် တင်ပြရန်၊

(၃) စွန့်ပစ်ပစ္စည်းများကြောင့် သက်ရောက်မှုများအား လျှော့ချရန် အန္တရာယ်ရှိသော/ အန္တရာယ်မရှိသော စွန့်ပစ်အညစ်အကြေးများနှင့် စက်ရုံထွက်/ လူသုံးစွန့်ပစ်ပစ္စည်းများအား ခွဲခြားကာ သီးခြားကန်များ၊ ထည့်စရာပုံးများဖြင့် သိမ်းဆည်းပြီး သက်ဆိုင်ရာရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ချိတ်ဆက်စွန့်ပစ်ရန်နှင့် စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား တစ်နှစ်လျှင် ၂ ကြိမ် တင်ပြရန်၊

(၄) ဆူညံသံ၊ တုန်ခါမှုနှင့်စပ်လျဉ်း၍ ဆူညံသံနှင့်တုန်ခါမှုအဆင့်မှတ်တမ်းကို စက်ရုံနယ်နိမိတ်တွင် ၂ နေရာ၊ တစ်နှစ်လျှင် ၂ ကြိမ်( ၁ ကြိမ်လျှင် ၄ ရက်ကြာ)၊ စက်ယန္တရားများကြောင့် အနှောင့်အယှက်ဖြစ်စေသော ဆူညံသံတိုင်းတာခြင်းကို စက်ရုံနယ်နိမိတ်(၄ နေရာ)တွင် ၁ လလျှင် ၁ ကြိမ်၊ တိုင်ကြားမှုရှိပါက တိုင်းတာရန်၊ မှတ်တမ်းတင်ခြင်းကို စက်ရုံနယ်နိမိတ်အတွင်း တစ်လလျှင်တစ်ကြိမ် စောင့်ကြည့်တိုင်းတာခြင်းနှင့် စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား တစ်နှစ်လျှင် ၂ ကြိမ် တင်ပြရန်၊

(၅) မြေထုညစ်ညမ်းမှုနှင့်စပ်လျဉ်း၍ ဆီသိုလှောင်ကန်နံရံနှင့် ယိုစိမ့်မှုကာကွယ်ထားသော အောက်ခံကြမ်းခင်းသို့ ဆီယိုစိမ့်မှု ရှိ/မရှိကို နေ့စဉ်စစ်ဆေးခြင်း၊ သိုလှောင်ကန်နှင့် ပိုက်လိုင်းများမှ ယိုစိမ့်မှုရှိ/မရှိကို အမြင်ဖြင့်စစ်ဆေးခြင်းကို တစ်လလျှင် တစ်ကြိမ် စောင့်ကြပ်ကြည့်ရှုခြင်းနှင့် စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ တစ်နှစ်လျှင် ၂ ကြိမ် တင်ပြရန်၊

(၆) လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်စပ်လျဉ်း၍ လေထုညစ်ညမ်းခြင်း၊ ဆူညံသံနှင့်တုန်ခါမှု၊ အပူလွန်ကဲမှုမှ ကာကွယ်ခြင်း၊ လုပ်ငန်းခွင်ထိခိုက်မှုမှ ကာကွယ်ခြင်း၊ အန္တရာယ်ရှိသောပစ္စည်း သက်ရောက်မှုမှ ကာကွယ်ခြင်း၊ ကူးစက်ရောဂါသက်ရောက်မှုမှ ကာကွယ်ခြင်းတို့အတွက် အသိပညာပေး သင်တန်းများ၊ ကျန်းမာရေးစစ်ဆေးမှုများကို လစဉ်ဆောင်ရွက်ရန်၊ စက်ရုံအတွင်းနှင့် အပူထွက်နိုင်သော နေရာများအနီးတွင် အပူတိုင်းတာရန်၊ အလင်းပြင်းအားတိုင်းတာခြင်းကို တစ်နှစ်လျှင် ၂ ကြိမ်ဆောင်ရွက်ခြင်းနှင့် စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ တစ်နှစ်လျှင် ၂ ကြိမ် တင်ပြရန်၊

(၇) လူမှုဝန်းကျင် ကျန်းမာရေးနှင့်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့်စပ်လျဉ်း၍ အများပြည်သူသုံး လမ်းပေါ်တွင် ယာဉ်မတော်တဆမှုများ မဖြစ်ပွားစေရန် ယာဉ်များ သတ်မှတ်နှုန်းအတိုင်း မောင်းရန်သတ်မှတ်ခြင်း၊ လုပ်ငန်းသုံး ပစ္စည်းများ မတော်တဆ ထွက်ကျခြင်းနှင့် ယိုဖိတ်ခြင်းတို့မှ ကာကွယ်ရန် မော်တော်ယာဉ်များကို စနစ်တကျ ဖုံးအုပ်ကာ သယ်ဆောင်ခြင်း၊ မော်တော် ယာဉ်များ၊ စက်ပစ္စည်းများမှ အိတ်ဇောငွေ့ထွက်ခြင်းကို ကာကွယ်ရန် ပုံမှန် ပြုပြင်ထိန်းသိမ်းခြင်း၊ စစ်ဆေးခြင်းနှင့် ပြုပြင်ခြင်းတို့ကို အများပြည်သူ ဘေးကင်းလုံခြုံရေးတို့အတွက် လစဉ် ဆောင်ရွက်ခြင်းနှင့် စောင့်ကြပ် ကြည့်ရှုမှုအစီရင်ခံစာ တစ်နှစ်လျှင် ၂ ကြိမ် တင်ပြရန်။

(၅) **လျာထားအသုံးစရိတ်။** အစီရင်ခံစာပါ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်နှင့် စောင့်ကြပ်ကြည့်ရှုခြင်းအစီအစဉ်အတွက် အောက်ဖော်ပြပါအတိုင်း လျာထား သုံးစွဲ ရန်နှင့် လိုလောက်မှုမရှိပါက ထပ်မံ ဖြည့်တင်းဆောင်ရွက်ရမည်-

(၁) လုပ်ငန်းတည်ဆောက်သည့်အဆင့်တွင် လေအရည်အသွေး၊ ရေအရည် အသွေး၊ ဆူညံသံနှင့် တုန်ခါမှုတိုင်းတာခြင်းနှင့် အရည်အသွေးထိန်းချုပ်မှု တို့အတွက် တစ်နှစ်လျှင် အသုံးစရိတ် အမေရိကန်ဒေါ်လာ ၅,၀၀၀ လျာထား သုံးစွဲရန်၊

(၂) စိမ်းလန်းစိုပြည်ရေးနှင့်စပ်လျဉ်း၍ အပင်များ စိုက်ပျိုးခြင်း၊ မြက်ခင်းများ ပုံမှန်ထိန်းသိမ်းရေးအတွက် တစ်နှစ်လျှင် အမေရိကန် ဒေါ်လာ ၄,၀၀၀၊ အပူ ပြန်လည်သုံးစွဲမီးဖို RTO ပြုပြင်ထိန်းသိမ်းမှုနှင့် လည်ပတ်မှုအတွက် အမေ ရိကန်ဒေါ်လာ ၁၀၀,၀၀၀၊ အခိုးအငွေ့ သန့်စင်သောကိရိယာ ပြုပြင်ထိန်းသိမ်း မှုနှင့် လည်ပတ်မှုအတွက် အမေရိကန်ဒေါ်လာ ၂၀,၀၀၀၊ LPG ဓာတ်ငွေ့ လောင်ကျွမ်းစေသောကိရိယာ ပြုပြင်ထိန်းသိမ်းမှုနှင့် စမ်းသပ် လည်ပတ်ခြင်း စသည့် လေထုသန့်စင်သည့်စနစ်အတွက် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၅၀,၀၀၀၊ ရေဆိုးသန့်စင် စနစ်အတွက် နှစ်စဉ် အမေ ရိကန်ဒေါ်လာ ၂၆၂,၀၀၀၊ မိလ္လာရေဆိုးသန့်စင်သည့် စနစ်အတွက် နှစ်စဉ် အမေရိကန်ဒေါ်လာ ၅၄,၀၀၀၊ အထွေထွေစွန့်ပစ်ပစ္စည်းစွန့်ပစ်ခြင်းနှင့် အန္တရာယ်ရှိသော စွန့်ပစ် ပစ္စည်း စွန့်ပစ်ခြင်းတို့အတွက် နှစ်စဉ် အမေရိကန်ဒေါ်လာ ၁၈,၀၀၀၊ ဆူညံသံ တိုင်းတာခြင်းအတွက် နှစ်စဉ် အမေရိကန်ဒေါ်လာ ၅,၀၀၀၊ ပတ်ဝန်းကျင် လေထု၊ လုပ်ငန်းခွင်လေထုနှင့် ထုတ်လွှတ်အခိုးအငွေ့ စောင့်ကြည့်စစ်ဆေး ခြင်းအတွက် နှစ်စဉ် အမေရိကန်ဒေါ်လာ ၇၀,၀၀၀ လျာထားသုံးစွဲရန်၊

(၃) စောင့်ကြပ်ကြည့်ရှုခြင်းအစီအစဉ်အတွက် လုပ်ငန်းလည်ပတ်သည့်ကာလတွင် အမေရိကန်ဒေါ်လာ ၂၅,၀၀၀ လျာထားသုံးစွဲရန်၊

(၄) လိုအပ်ပါက အစီရင်ခံစာပါ ဖော်ပြချက်များအတိုင်း ထပ်မံ ဖြည့်စွက်ဆောင်ရွက်ရန်။

(ဍ) **လုပ်ငန်းပိတ်သိမ်းခြင်း စီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အဆောက်အဦများ ဖြိုဖျက်ခြင်းနှင့် တည်ဆောက်ထားသော စီမံကိန်းအသုံးပြုပစ္စည်းများ ရွှေ့ပြောင်းခြင်းမှ ထွက်ရှိလာသော ဖုန်မှုန့်များ လျော့နည်းစေရန် ရေဖျန်းခြင်း၊ ခြံစည်းရိုးတစ်လျှောက်တွင် ပိုက်ကွန်များ တပ်ဆင်ခြင်း၊ လုပ်ငန်းခွင်အတွင်း အကျိုးအပဲ့များအား ဖုံးအုပ် သယ်ဆောင်ခြင်းနှင့် သယ်ဆောင်ရာ လမ်းများအား ပြုတ်ကျခြင်းနှင့် ရှင်းလင်းမှု ရှိ/မရှိ စစ်ဆေးခြင်းများ ဆောင်ရွက်မည်ဖြစ်ကြောင်း၊

(၂) ကြီးမားသော စက်ပစ္စည်းကိရိယာများ၊ ယာဉ်များနှင့် စက်ယန္တရားများအား ခွင့်ပြုချက်ရရှိထားသော ဝန်ထမ်းများကိုသာ မောင်းနှင်ခွင့်ပြုရန်၊

(၃) ဖြိုဖျက်ခြင်းလုပ်ငန်းများအား နေ့အချိန်တွင်သာ ဆောင်ရွက်ရန်၊

(၄) အသုံးပြုပြီး ပစ္စည်းဟောင်းများအား ရွှေ့ပြောင်းရာတွင် အန္တရာယ်ရှိပစ္စည်းများနှင့် ဓာတုဒြပ်ပေါင်းများ ကြွင်းကျန်ရစ်မှု မဖြစ်ပေါ်စေရန် ကောင်းမွန်သောစီမံခန့်ခွဲမှု အစီအစဉ်များကို အသုံးပြု၍ သေချာစွာ ရွှေ့ပြောင်းရန်၊

(၅) လေအရည်အသွေးနှင့်စပ်လျဉ်း၍ $CO_2$, $NO_2$, $SO_2$, $PM_{10}$, $PM_{2.5}$ တို့အား လုပ်ငန်းခွင်အတွင်း တစ်နှစ်လျှင် ၂ ကြိမ်(တစ်ကြိမ်လျှင် ၄ ရက်ကြာ - ခြောက်သွေ့ရာသီနှင့် မိုးရာသီ) စောင့်ကြည့်တိုင်းတာရန်၊

(၆) ရေအရည်အသွေးနှင့်စပ်လျဉ်း၍ pH, BOD, COD, SS, Total Coliform, Oil & Grease, Total Nitrogen စသည့် ပါရာမီတာများကို လုပ်ငန်းခွင်တွင် တစ်ကြိမ် စောင့်ကြည့် တိုင်းတာရန်၊

(၇) အစိုင်အခဲ စွန့်ပစ်ပစ္စည်းနှင့်စပ်လျဉ်း၍ စွန့်ပစ်ပစ္စည်းစုပုံရန် နေရာသတ်မှတ်ခြင်း၊ ဘေးအန္တရာယ်ရှိနှင့် ဘေးအန္တရာယ်မရှိသော စွန့်ပစ်ပစ္စည်း ခွဲခြားကာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ သို့မဟုတ် ခွင့်ပြုချက်ရထားသော အမှိုက်စီမံခန့်ခွဲသည့်နေရာတွင် လစဉ် စွန့်ပစ်ရန်၊

(၈) မြေသားညစ်ညမ်းမှုနှင့်စပ်လျဉ်း၍ ဆီသိုလှောင်ရာ ဧရိယာကို စစ်ဆေးခြင်း၊ ယာဉ်နှင့် စက်ပစ္စည်းကိရိယာများ လောင်စာဆီယိုစိမ့်မှုမရှိစေရန် ပြုပြင်ထိန်းသိမ်းစစ်ဆေးခြင်းကို လစဉ် စောင့်ကြည့်သွားရန်၊

(၉) ဘေးအန္တရာယ်ရှိ ပစ္စည်းများနှင့်စပ်လျဉ်း၍ မီးလောင်လွယ်ပစ္စည်းများ ထားသိုရာနေရာ၊ သုတ်ဆေးများသိမ်းဆည်းသည့်နေရာ၊ အယ်ကာလိုင်းဓာတုပစ္စည်းများသိုလှောင်ရာနေရာ၊ သွပ်ရည်ကျိုကန်၊ သွပ်နှင့်အလူမီနီယံ အလွှာအုပ်ကန်တို့မှ အကြွင်းအကျန်များအား ဖယ်ရှားစဉ် မလိုလားအပ်သော ကျန်းမာရေးအန္တရာယ်များနှင့် အနီးရှိရေမြောင်းများထဲသို့ စီးဝင်မှုကို ကာကွယ်နိုင်ရန် ဘေးကင်းလုံခြုံသော ကိုင်တွယ်ဆောင်ရွက်မှု အစီအစဉ်များ အတိုင်းဆောင်ရွက်မှု ရှိ/ မရှိကို လစဉ် စောင့်ကြည့်စစ်ဆေးရန်၊

(၁၀) ဆူညံသံ၊ တုန်ခါမှုနှင့်စပ်လျဉ်း၍ စီမံကိန်းလုပ်ငန်းခွင်နှင့် နယ်နိမိတ်ပတ်လည်ရှိ အသံထွက်ရှိသော နေရာအနီးတွင် ၃ လလျှင် တစ်ကြိမ် စောင့်ကြည့် တိုင်းတာရန်၊

(၁၁) အနံ့ဆိုးနှင့်စပ်လျဉ်း၍ မိလ္လာစနစ်များကို စစ်ဆေးခြင်း၊ စွန့်ပစ်ပစ္စည်းသိုလှောင်ရာနေရာများ၏ အခြေအနေနှင့် သတ်မှတ်နေရာတွင် အမှိုက်စွန့်ပစ်မှုတို့ကို လစဉ် ဆောင်ရွက်ရန်၊

(၁၂) လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်စပ်လျဉ်း၍ လုပ်ငန်းပိတ်သိမ်းကာလ လုပ်သားများ လုပ်ငန်းခွင်ဘေးကင်းရေးအတွက် တစ်ကိုယ်ရေသုံး ကာကွယ်ရေးပစ္စည်းများပံ့ပိုးပေးခြင်း၊ PPE ဝတ်ဆင်စေခြင်း၊ အဆောက်အဦ ဖြိုဖျက်ခြင်းနှင့် မော်တော်ယာဉ်သွားလာမှုများမှ ဖုန်မှုန့်များထွက်ခြင်းတို့အတွက် ပုံမှန် ရေဖျန်းခြင်း၊ အကြီးစားစက်ပစ္စည်းများနှင့် စက်ယန္တရားများမှထွက်သော ဆူညံသံအတွက် နားကြပ်များ ထောက်ပံ့ရန်၊

(၁၃) လေထုအရည်အသွေးနှင့်ပတ်သက်၍ $CO_2$, $NO_2$, $SO_2$, $PM_{2.5}$, $PM_{10}$၊ ရေအရည်အသွေးနှင့်ပတ်သက်၍ pH, BOD, COD, SS, T-colifoem, Oil & Grease, T-N, T-P နှင့် ဆူညံသံနှင့်တုန်ခါမှုများအား စောင့်ကြည့်တိုင်းတာခြင်းနှင့် ကုန်ကျငွေ အမေရိကန်ဒေါ်လာ(၅,၀၀၀) သုံးစွဲရန်။

**ပတ်ဝန်းကျင်နှင့်လူမှုရေးစီမံခန့်ခွဲမှုဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များ**

၇။ စီမံကိန်းအဆိုပြုသူသည် အထက်အပိုဒ်(၆)တွင် ဖော်ပြထားသော ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာအရ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ကတိကဝတ်များအပြင် တစ်ဖက်ဖော်ပြပါ စည်းကမ်းချက်များ၊ သတ်မှတ်ချက်များကိုလည်း အပြည့်အဝ အလေးထား လိုက်နာဆောင်ရွက်ရမည်-

(က) မူဝါဒ၊ ဥပဒေ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်ပါ စည်းကမ်းချက်များ။
အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းစဉ်(၂၀၁၈-၂၀၃၀)၊ မြန်မာနိုင်ငံအမျိုးသားအဆင့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုမဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်(၂၀၂၀)တို့နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာ၊ စီမံကိန်းကတိကဝတ်အားလုံးနှင့် စည်းကမ်းချက်များကို အပြည့်အဝ အကောင်အထည်ဖော်ရမည့်အပြင် ယင်း၏ ကိုယ်စားစီမံကိန်းကို ဆောင်ရွက်ပေးသူကန်ထရိုက်တာနှင့် လက်ခွဲဆောင်ရွက်ပေးသူ ဆပ်ကန်ထရိုက်တာများ အားလုံးသည် စီမံကိန်းအတွက်လုပ်ငန်းများ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာနှင့် စည်းကမ်းချက်များ အားလုံးကို အပြည့်အဝ လိုက်နာဆောင်ရွက်ရန်၊

(၂) စီမံကိန်းဆောင်ရွက်ခြင်းကြောင့် ပတ်ဝန်းကျင်ကို ခြိမ်းခြောက်နေသည့် ပြုမူလုပ်ဆောင်ချက်များကို ရှောင်ရှားခြင်း၊ တားမြစ်ခြင်းနှင့် ထိန်းချုပ်ခြင်းဖြင့် ပတ်ဝန်းကျင်ပျက်စီးမှုများ မဖြစ်စေမီ ကာကွယ်တားဆီးရန် သို့မဟုတ် အနည်းဆုံး ဖြစ်စေရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန်၊

(၃) ရာသီဥတုပြောင်းလဲမှု လျှော့ချရေးနှင့် လိုက်လျောညီထွေဖြစ်စေရေးအတွက် ရေရှည်တည်တံ့သော သဘာဝသယံဇာတ စီမံအုပ်ချုပ်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် သဘာဝဂေဟစနစ်များကို ထိန်းသိမ်းကာကွယ်ခြင်းနှင့် ပြန်လည်ပြုစုပျိုးထောင်ခြင်းတို့ကို မြှင့်တင်ဆောင်ရွက်ရန်၊

(၄) လတ်တလောနှင့် ရေရှည်တွင် ဖြစ်ပေါ်လာနိုင်သည့် ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှုများမှ ကြိုတင်ကာကွယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် လူမှုကာကွယ်စောင့်ရှောက်ရေးတို့ကို ခိုင်မာအားကောင်းစေမည့် လုပ်ငန်းစဉ်များ ဆောင်ရွက်ထားရှိရန်၊

(၅) ရာသီဥတုကြောင့် ဖြစ်ပေါ်လာနိုင်မည့် ဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်ရန်နှင့် ပြန်လည်ထူထောင်လာနိုင်စေရန် အရင်းအမြစ်များ စုစည်းခြင်းနှင့် ခွဲဝေသုံးစွဲခြင်းတို့ဖြင့် ဘဏ္ဍာရေးလုပ်ငန်းလည်ပတ်မှုကို မြှင့်တင်ပေးနိုင်ရေးအတွက် အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် ပေါင်းစပ်ဆောင်ရွက်ရန်၊

(၆) အဆိုပြုစီမံကိန်းတည်ရှိရာနေရာသည် ရေကြီးရေလျှံမှုများ ဖြစ်ပွားလေ့ရှိသည့်ဒေသတွင် တည်ရှိခြင်းကြောင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကိစ္စရပ်များကို သိရှိနားလည်ပြီး ဖြစ်ပေါ်နိုင်သည့် ဘေးအန္တရာယ် အလားအလာနှင့် သက်ရောက်မှုများကို တုံ့ပြန်နိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိရန်၊

(၇) စီမံကိန်းဆောင်ရွက်ခြင်းကြောင့် မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု ပိုမိုများပြားလာမည်ဖြစ်၍ ပတ်ဝန်းကျင် ပျက်စီးမှုများမဖြစ်စေမီ ကာကွယ်တားဆီးရန် သို့မဟုတ် အနည်းဆုံးဖြစ်စေရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန်၊

(၈) ရာသီဥတုဒဏ်ခံနိုင်ရည်ရှိပြီး ရေရှည်တည်တံ့သော ကာဗွန်ထုတ်လုပ်မှုနည်းသည့် အစိမ်းရောင်နည်းလမ်းများ၊ နည်းပညာများနှင့် အလေ့အကျင့်များကို ပိုမိုဦးစားပေး ဆောင်ရွက်ရန်၊

(၉) စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရန် -

(ကက) စီမံကိန်းမှ ထွက်ရှိလာမည့် စွန့်ပစ်အမှိုက်များအား ချောင်းရေ၊ မြစ်ရေများအတွင်း တိုက်ရိုက်စွန့်ပစ်ခြင်းမပြုဘဲ သက်ဆိုင်ရာက စွန့်ပစ်ပစ္စည်း စုပုံစွန့်ပစ်ရန် သတ်မှတ်ထားသော နေရာများတွင် ဘေးအန္တရာယ်ကင်းစွာ စွန့်ပစ်ရန်၊

(ခခ) လုပ်ငန်းလည်ပတ်သည့်ကာလတွင် လုပ်ငန်းခွင်မှ ထွက်ရှိလာမည့် ဘေးအန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများအား ဘေးကင်းစွာ စွန့်ပစ်နိုင်ရေး အမျိုးအစား ခွဲခြားခြင်းနှင့် စီမံခန့်ခွဲခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်၊

(ဂဂ) စွန့်ပစ်ပစ္စည်းများအား သိမ်းဆည်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ စွန့်ပစ်ခြင်းတို့နှင့်ပတ်သက်၍ ပြန့်ကျဲထွက်ကျမှု၊ အနံ့အသက်ဆိုးများ ထွက်ရှိမှု၊ ဆူညံမှု၊ တုန်ခါမှုတို့ မရှိစေရေး လိုက်နာဆောင်ရွက်ရန်၊

(ဃဃ) စီမံကိန်းမှ ထွက်ရှိသော စွန့်ပစ်ပစ္စည်းနှင့် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ စီမံဆောင်ရွက်ထားရှိမှုကို စောင့်ကြပ်ကြည့်ရှု စစ်ဆေးနိုင်ရေးအတွက် စွန့်ပစ်ပစ္စည်းဆိုင်ရာ မှတ်တမ်းပုံစံ ထားရှိဆောင်ရွက်ရန်၊

(ငင) စီမံကိန်းမှ ထွက်ရှိလာမည့် ဘေးအန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများအား ဘေးကင်းစွာ စွန့်ပစ်နိုင်ရေး အမျိုးအစား ခွဲခြားခြင်းနှင့် စီမံခန့်ခွဲခြင်း လုပ်ငန်းများ ဆောင်ရွက်ရန်၊

(စစ) စီမံကိန်းမှ ထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများနှင့်ပတ်သက်၍ ထွက်ရှိမှု လျှော့ချခြင်း၊ ပြန်လည်သုံးစွဲခြင်း၊ ပြန်လည်ပြုပြင်ထုတ်လုပ်ခြင်းဖြင့် စွန့်ပစ်ပစ္စည်း ထွက်ရှိမှုများကို ကာကွယ်ဆောင်ရွက်ရန်၊

(ဆဆ) စီမံကိန်းမှ ထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုအတွက် အစဉ် လည်ပတ်နေသည့် ရန်ပုံငွေထားရှိ ဆောင်ရွက်ရန်၊

(ဇဇ) စီမံကိန်းလုပ်ငန်းမှ ထွက်ရှိလာသော စွန့်ပစ်ရေများအား ပြင်ပသို့ တိုက်ရိုက် စွန့်ပစ်ခြင်းမပြုဘဲ စွန့်ပစ်ရေသန့်စင်မှုစနစ်ဖြင့် ဆောင် ရွက်ရန်၊

(ဈဈ) စီမံကိန်းမှထွက်ရှိလာသော အနံ့များနှင့်ပတ်သက်၍ ပြင်ပသို့ အနံ့ဆိုး မထွက်ရှိရေး အနံ့ဆိုင်ရာစီမံခန့်ခွဲမှု ထားရှိဆောင်ရွက်ရန်။

(ခ) **စံချိန်စံညွှန်းစည်းကမ်းချက်များ။** စံချိန်စံညွှန်းစည်းကမ်းချက်များနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေထုစီမံခန့်ခွဲမှုမှ အမှုန်အမွှားများကို အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု)လမ်းညွှန်ချက် အပိုဒ် ၁.၁ ပါ Parameter များ တိုင်းတာ၍ သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၂) စွန့်ပစ်ရေသန့်စင်စနစ်မှ စွန့်ပစ်ရေများကို အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု)လမ်းညွှန်ချက် အပိုဒ် ၂.၃.၇.၄ ပါ စွန့်ထုတ် အရည်နှင့် ထုတ်လွှတ်အခိုးအငွေ့ပါ Parameter များ တိုင်းတာ၍ သတ်မှတ် ချက်နှင့် အညီ လိုက်နာဆောင်ရွက်ရန်၊

(၃) ဆူညံသံ၊ အလုပ်စခန်းများ၊ မိလ္လာစနစ်များ၊ အိမ်တွင်းရေဆိုးများနှင့် စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်၊ အထွေထွေလမ်းညွှန်ချက်ပါ သတ်မှတ်ချက်နှင့်အညီ လိုက်နာ ဆောင်ရွက်ရန်၊

(၄) အနံ့စီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု)လမ်းညွှန်ချက်အပိုဒ် ၁.၄ ပါ Parameter များ တိုင်းတာ၍ သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၅) ဆူညံသံအတွက် စီမံကိန်းဧရိယာပြင်ပရှိ အနီးဆုံးလက်ခံသည့်နေရာတွင် အခြေခံအဆင့်မှ အများဆုံးမြင့်တက်မှု ၃ dBA ထက် မကျော်လွန်စေရေး လိုက်နာဆောင်ရွက်ရန်၊

(၆) မြေပေါ်ရေအရည်အသွေး စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်အား အမျိုးသား မြေပေါ်ရေအရည်အသွေးစံချိန်စံညွှန်းများ(၂၀၂၄)ပါ သတ်မှတ်ချက်များနှင့် အညီ လိုက်နာဆောင်ရွက်ရန်၊

(၇) စီမံကိန်းနှင့်ဆက်စပ်သော အခြားသက်ဆိုင်ရာ မူဝါဒ၊ ဥပဒေနှင့်သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရန်၊

(၈) စီမံကိန်းတွင် အသုံးပြုသည့် စက်ပစ္စည်းများနှင့် ကုန်ကြမ်းပစ္စည်းများ ပြောင်းလဲမှုရှိပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ တင်ပြရန်။

(ဂ) **မြေအရည်အသွေး စီမံခန့်ခွဲရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ကုန်ကြမ်းပစ္စည်းများ သိုလှောင်ထားရှိရာတွင် မြေဆီလွှာထိခိုက်မှု မရှိစေရေး စနစ်တကျ စီမံ ဆောင်ရွက်ထားရှိရန်၊

(၂) လောင်စာဆီများ ယိုဖိတ်မှု မရှိစေရေး စနစ်တကျ သိုလှောင်ထားရှိရန်။

(ဃ) **ရေအရည်အသွေး စီမံခန့်ခွဲရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ရေစီးရေလာ ကောင်းမွန်စေရန်အတွက် စီမံကိန်းဧရိယာအတွင်းရှိ ရေမြောင်းများအား ပုံမှန် ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်ရန်၊

(၂) စီမံကိန်းမှ ထွက်ရှိလာသည့် စွန့်ပစ်ရေများအား အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု)လမ်းညွှန်ချက်များပါ သတ်မှတ်ချက်များနှင့်အညီ သန့်စင်မှုပြုလုပ်ပြီးမှ စွန့်ပစ်ရန်။

(င) **ဇီဝမျိုးစုံမျိုးကွဲ စီမံခန့်ခွဲရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** ဇီဝမျိုးစုံမျိုးကွဲ စီမံခန့်ခွဲမှုအစီအစဉ်နှင့်စပ်လျဉ်း၍ စီမံကိန်းစက်မှုဇုန်ပတ်လည်တွင် ဒေသနှင့်ကိုက်ညီသော သစ်ပင်ပန်းမန်များ စိုက်ပျိုးပေးရန်နှင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည် စေရေးအစီအမံများ ရေးဆွဲထားရှိ၍ အကောင်အထည်ဖော်ဆောင်ရွက်ရန်။

(စ) **ကျန်းမာရေးနှင့်လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းချက်များ။** ကျန်းမာရေးနှင့်လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းချက်များနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းလုပ်ငန်းကြောင့် ထိခိုက်ခံစားရမည့် ဒေသခံများအတွက် ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင် ခန့်ထားခြင်း၊ ရေရှည်လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေး တို့ကို ဆောင်ရွက်ပေးရန်နှင့် ဝန်ထမ်းများ၏ ကျန်းမာရေးနှင့်ဘေးအန္တရာယ် ကင်းရှင်းရေးတို့ကို ဆောင်ရွက်ရန်၊

(၂) ကျန်းမာရေးနှင့်လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းစေရေးအတွက် သတ်မှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းနှင့် လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၃) ကျန်းမာရေးစစ်ဆေးပေးခြင်းအား တစ်နှစ်လျှင်(၂)ကြိမ် ဆောင်ရွက်ရန်၊ ကျန်းမာရေးစစ်ဆေးမှု မှတ်တမ်းများ ထားရှိရန်နှင့် လိုအပ်သော ပြုစုကုသမှုများကို ဆောင်ရွက်ရန်၊

(၄) ဓာတုပစ္စည်းများ ကိုင်တွယ်အသုံးပြုခြင်းနှင့်စပ်လျဉ်း၍ အသိပညာပေးခြင်းနှင့် သင်တန်းပေးခြင်းများ ဆောင်ရွက်ရန်။

(ဆ) **ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးခြင်းဆိုင်ရာ စည်းကမ်းချက်များ။** စီမံကိန်းအဆိုပြုသူသည် ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးရေး လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရမည်-

(၁) ဘေးအန္တရာယ်ရှိလုပ်ငန်းများအပါအဝင် တည်ဆောက်ရေးလုပ်ငန်းများနှင့် ဆောင်ရွက်မည့် လုပ်ငန်းများကို ဒေသခံပြည်သူများသို့ ကြိုတင်အသိပေးရန်၊

(၂) ဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် စီမံကိန်းအကောင်အထည်ဖော်သည့် ကာလတစ်လျှောက် စဉ်ဆက်မပြတ် တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့် လိုလားချက်များအား အလေးထား ပေါင်းစပ်ဆောင်ရွက်ရန်၊

(၃) ဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ ပူးပေါင်းပါဝင်စေခြင်း၊ နစ်နာမှုဖြေရှင်းရေး လုပ်ငန်းစဉ်များကို လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်သွားရန်။

(ဇ) **လုပ်ငန်းပိတ်သိမ်းခြင်းဆိုင်ရာ စည်းကမ်းချက်များ။** လုပ်ငန်းပိတ်သိမ်းခြင်းနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည် -

(၁) စီမံကိန်းသက်တမ်းကုန်ဆုံး၍ ပိတ်သိမ်းခြင်း သို့မဟုတ် မမျှော်လင့်သော ကိစ္စရပ်များကြောင့် ရပ်ဆိုင်းရခြင်း တို့ဖြစ်ပါက စီမံကိန်းဧရိယာအတွင်း တည်ဆောက်ထားသည့် အဆောက်အဦများကို ပတ်ဝန်းကျင်ထိခိုက်မှု မရှိစေရေး စီမံဆောင်ရွက်ထားရှိရန်၊

(၂) ဝန်ထမ်းများအား နစ်နာကြေး ပေးချေခြင်း၊ သင့်လျော်သည့်လုပ်ငန်းသို့ လွှဲပြောင်းတာဝန်ထမ်းဆောင်စေခြင်းတို့ကို တာဝန်ယူကြီးကြပ် ဆောင်ရွက်ရန်။

(ဈ) **အစီရင်ခံ တင်ပြခြင်းဆိုင်ရာ စည်းကမ်းချက်များ။** ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်များ၊ စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များ ဖြစ်ပွားပါက ဝန်ကြီးဌာနသို့ နှောင့်နှေးမှုမရှိစေဘဲ အစီရင်ခံတင်ပြရမည်-

(၁) ပစ္စည်းကိရိယာများ သို့မဟုတ် နည်းစနစ်များ မှားယွင်းအလုပ်လုပ်ခြင်း၊ ပျက်စီးခြင်း သို့မဟုတ် အလုပ်မလုပ်တော့ခြင်း၊

(၂) သိသာထင်ရှားသော ညစ်ညမ်းမှု ဖြစ်ပေါ်စေခဲ့သော (သို့မဟုတ်) ဖြစ်ပေါ်နေစေသော သို့မဟုတ် ဖြစ်ပေါ်စေနိုင်သော မတော်တဆမှုတစ်ခု ဖြစ်ပွားခြင်း သို့မဟုတ် ထုတ်လွှတ်မှု ကန့်သတ်တန်ဖိုးဖြင့် ထိန်းချုပ်ထားခြင်း မရှိသည့် အရာဝတ္ထုတစ်ခု ထုတ်လွှတ်ခြင်း၊

(၃) သတ်မှတ်ဖော်ပြထားသည့် ကန့်သတ်တန်ဖိုး တစ်ခုခုကို ကျော်လွန်ခြင်း၊

(၄) ပတ်ဝန်းကျင်နှင့် သက်ရှိတို့၏ ကျန်းမာရေးတို့အပေါ် သိသာထင်ရှားသော ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်ခြင်း၊

(၅) စီမံကိန်းအဆိုပြုသူသည် ယင်း၏ တာဝန်များ ပျက်ကွက်မှု သို့မဟုတ် အခြားလုပ်ငန်းများ ဆောင်ရွက်ရန် ပျက်ကွက်မှု သို့မဟုတ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာပါအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုများကို ဖြစ်နိုင်သမျှ ဆောလျင်စွာ ဝန်ကြီးဌာနသို့ စာဖြင့် အသိပေး တင်ပြရမည်။ ပျက်ကွက်မှုတစ်ရပ်ရပ်ကြောင့် အန္တရာယ်ဖြစ်စေနိုင်သော ပတ်ဝန်းကျင်အပေါ် သက်ရောက်မှု ဖြစ်လာနိုင်သည့် အကြောင်းကိစ္စရပ် သို့မဟုတ် ဝန်ကြီးဌာနက အမြန်သိရှိရန် လိုအပ်သည့် အကြောင်းကိစ္စရပ်ကို ၂၄ နာရီအတွင်း လည်းကောင်း၊ အခြားအကြောင်းကိစ္စရပ်များ အားလုံးတွင် စီမံကိန်းအဆိုပြုသူက ယင်းဖြစ်စဉ်ဖြစ်ရပ်ကို စတင်သိရှိသည့် အချိန်မှ ၇ ရက်အတွင်း လည်းကောင်း ဝန်ကြီးဌာနသို့ အသိပေးတင်ပြရန်၊

(၆) စီမံကိန်း၏ အရွယ်အစား၊ နယ်ပယ်အတိုင်းအတာ၊ တည်နေရာ၊ အခင်း အကျင်း၊ နည်းပညာ၊ ကြိုတင်မျှော်မှန်းနိုင်သော ဆိုးကျိုးသက်ရောက် မှုကြောင့် ဖြစ်လာသည့် အန္တရာယ်၊ ထုတ်လုပ်မှုနည်းလမ်း သို့မဟုတ် ညစ်ညမ်းမှု တားဆီးရန် သို့မဟုတ် လျှော့ချရန် ဆောင်ရွက်မှုတို့တွင် အဓိက ပြောင်းလဲခြင်း သို့မဟုတ် တိုးချဲ့ခြင်း သို့မဟုတ် ဒုတိယတိုးချဲ့ဆောင်ရွက်ရန် အဆိုပြုခြင်း ဖြစ်ပါက စီမံကိန်းအဆိုပြုသူသည် သတ်မှတ်ထားသော အချိန်ဇယားအတွင်း ပြောင်းလဲမှုများ၏ သတင်းအချက်အလက်များနှင့်အတူ ဝန်ကြီးဌာနသို့ တင်ပြရန်၊

(၇) စီမံကိန်းဧရိယာအတွင်း မမျှော်လင့်သော ဘေးအန္တရာယ်များကြောင့် လည်းကောင်း၊ ပတ်ဝန်းကျင်နှင့်လူမှုရေးအခြေအနေ ပြောင်းလဲမှုများကြောင့် လည်းကောင်း၊ ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်မှုများအပေါ် မူတည်၍ သက်ဆိုင်ရာကဏ္ဍအလိုက် စီမံခန့်ခွဲမှုအစီအစဉ်များအား ဝန်ကြီးဌာနသို့ ပြန်လည် တင်ပြရန်၊

(၈) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ တင်ပြရာတွင် အောက်ပါအချက်များ ပြည့်စုံစွာ ပါဝင်တင်ပြရမည်-

(ကက)စည်းကမ်းချက်များအားလုံးကို လိုက်နာကြောင်း သက်သေခံစာရွက်စာတမ်းအထောက်အထားများ၊

(ခခ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်မှုအတွက် တင်ပြထားသည့် အကောင်အထည်ဖော်မှု ဇယားအတိုင်း ဆောင်ရွက်ရာတွင် အစီရင်ခံသည့် အချိန်အထိတိုးတက်မှု၊

(ဂဂ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသော အခက်အခဲများ၊ ယင်းအခက်အခဲများကို ကုစားရန် အကြံပြုချက်များနှင့် အလားတူ အခက်အခဲများ၊ အနာဂတ်တွင် တွေ့ကြုံရနိုင်မှုကို တားဆီးကာကွယ်ရန် သို့မဟုတ် ရှောင်လွှဲရန် အဆိုပြုသည့် ဆောင်ရွက်မှုများ၊

(ဃဃ)ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည့် အကြိမ်နှင့်အမျိုးအစား၊ အဆိုပြုသည့် ကုစားမှု ဆောင်ရွက်ချက်များနှင့် ကုစားမှုပြီးမြောက်ရမည့် အချိန်သတ်မှတ်ချက်များ၊

(ငင) လုပ်ငန်းခွင်နှင့် လူမှုအဖွဲ့အစည်း၏ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး၊ ပတ်ဝန်းကျင်နှင့်စပ်လျဉ်း၍ ဖြစ်ပွားသော မတော်တဆမှုများနှင့် ဖြစ်စဉ်ဖြစ်ရပ်များ၊

(စစ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ သတ်မှတ်ထားသည့် သို့မဟုတ် အခြားလိုအပ်သည့် ပတ်ဝန်းကျင်ဆိုင်ရာ အတိုင်းအတာနှင့် စည်းကမ်းချက်များဆိုင်ရာ အချက်အလက်များအား စောင့်ကြပ်ကြည့်ရှုမှု။

(၉) စီမံကိန်းအဆိုပြုသူသည် တည်ဆောက်ရေးအဆင့်လုပ်ငန်းများ ဆောင်ရွက်ပြီးနောက်တွင် စီမံကိန်း၏ လုပ်ငန်းခွင်ပြ မြေပုံများ၊ လုပ်သားနေရာထိုင်ခင်း စီမံချက်များ၊ တည်ဆောက်ရေးလုပ်ငန်းကို ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း အထောက်အထားများပါဝင်သည့် စီမံကိန်း၏ အပြီးသတ်လုပ်ငန်းအစီအစဉ်များကို ကနဦးတင်ပြမည့် စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့် ပူးတွဲ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ တင်ပြရမည်။

(ည) **ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ စည်းကမ်းချက်များ။** ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့်ပတ်သက်၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(၁) ယဉ်ကျေးမှုအမွေအနှစ်နှင့် သက်ဆိုင်သည့် အထောက်အထားများ၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ၊ ရှေးဟောင်းစီမံကိန်းဆောင်ရွက်မည့် နေရာဒေသများတွင် မြေပေါ်/မြေအောက်ရှိ ရှေးဟောင်းအဆောက်အအုံများ တွေ့ရှိပါက ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ ချက်ချင်းဆက်သွယ် သတင်းပို့ အကြောင်းကြားရန်၊

(၂) စီမံကိန်းဆောင်ရွက်မည့် နေရာဒေသ၏ ဓလေ့ထုံးတမ်းစဉ်လာများ၊ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ၊ အထင်ကရနေရာများကို ထိန်းသိမ်းစောင့်ရှောက်ရန်။

(ဋ) **လူမှုတာဝန်သိ အစီအစဉ်ဆိုင်ရာ စည်းကမ်းချက်များ။** လူမှုတာဝန်သိအစီအစဉ်နှင့် စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများအား လက်ရှိသို့မဟုတ် စီမံကိန်းမဆောင်ရွက်မီ ကာလထက်မနိမ့်ကျသောလူမှုစီးပွားရေး တည်ငြိမ်ခိုင်မာမှု ရရှိသည်အထိ ဆောင်ရွက်ပေးရန်နှင့် သက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်တည်ထောင်ရေးနှင့် ပြန်လည်နေရာချထားရေး အစီအစဉ်များကို စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများ၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၊ အခြားသက်ဆိုင်သူများနှင့် တိုင်ပင်ဆွေးနွေး၍ လိုအပ်သလို ပံ့ပိုးနိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊

(၂) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ(Community Development Plan) ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဒေသရှိ ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုး တိုးတက်ရေး စီမံကိန်း(Township Development Plans)များနှင့် ချိတ်ဆက် ဆောင်ရွက်ရန်နှင့် စီမံကိန်းအနီးရှိ ဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက် သူများနှင့် စဉ်ဆက်မပြတ် တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့် လိုအပ်ချက်များအား အလေးထားပေါင်းစပ်ဆောင်ရွက်ရန်။

(ဌ) **အများပြည်သူ သိရှိနိုင်ရေးဆိုင်ရာ စည်းကမ်းချက်များ။** စီမံကိန်းအဆိုပြု သူသည် အတည်ပြုထားသည့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာကို စီမံကိန်းနှင့် ဆက်စပ်ပတ်သက်သူများနှင့် အများပြည်သူများ သိရှိနိုင်ရေးအတွက် မြန်မာဘာသာဖြင့် ရေးသားဖော်ပြထားသော အကျဉ်းချုပ်အစီရင်ခံစာနှင့် လိုက်နာ

ဆောင်ရွက်မည့် ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ကတိကဝတ်များအား ဖြန့်ဝေ အသိပေး ထုတ်ဖော်ကြေညာရမည်။

(၃) **စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်ဆိုင်ရာ စည်းကမ်းချက်များ။** စောင့်ကြပ်ကြည့်ရှုမှု အစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် သက်ဆိုင်ရာ အခွင့်အမိန့်ရအဖွဲ့အစည်းထံမှ စာဖြင့် ခွင့်ပြုချက်ကို လက်ခံရရှိသည့်အခါ အကြိုတည်ဆောက်ခြင်း၊ တည်ဆောက် ခြင်း၊ လုပ်ငန်းလည်ပတ် ဆောင်ရွက်ခြင်း၊ လုပ်ငန်းရပ်ဆဲခြင်း၊ လုပ်ငန်း ပိတ်သိမ်းခြင်း၊ လုပ်ငန်းပိတ်သိမ်းပြီး ကာလဟူသည့် စီမံကိန်းအဆင့် အားလုံးတွင် ဆိုးကျိုးသက်ရောက်မှု အားလုံးအတွက် စီမံကိန်းနှင့် ဆက်စပ် ဆောင်ရွက်မှုများအပေါ် မိမိကိုယ်မိမိ ဘက်စုံစောင့်ကြပ်ကြည့်ရှု စစ်ဆေး ခြင်းကို လက်တွေ့ စဉ်ဆက်မပြတ် ဆောင်ရွက်ရမည့်အပြင် သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် စံချိန်စံညွှန်းများ၊ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းသတ်မှတ်ချက် များနှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာပါ ကတိကဝတ်များကို လိုက်နာဆောင်ရွက်ရန်၊

(၂) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာ ဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေး လုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရန်၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာတွင် ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရာမှ ရရှိသောရလဒ်များကို မှတ်တမ်းတင် ထိန်းသိမ်းထားရန်၊ ယင်းမှတ်တမ်း များတွင် နမူနာ စုဆောင်းရယူခြင်းနှင့် ဓာတ်ခွဲဆန်းစစ်ခြင်း ရလဒ်များ၊ ကိရိယာဖြင့် တိုင်းတာချက်များ၊ ချိန်ညှိတွက်ချက်ခြင်းများ(Calibrations)၊ စစ်ဆေးခြင်းများ၊ စမ်းသပ်ခြင်းနှင့် စာရင်းကောက်ခြင်း၊ အချက်အလက် အခြေခံအဖြစ် အသုံးပြုသည့် ဆန်းစစ်လေ့လာမှုများစသည်တို့ ပါဝင်ရန်၊ မှတ်တမ်းများအားလုံးသည် ဖတ်ရှုနိုင်ရမည်ဖြစ်ပြီး ကြောင်းကျိုး ညီညွတ် စွာဖြင့် အသုံးချနိုင်ရန်၊ ပြင်ဆင်ဖြည့်စွက်မှုများရှိပါက မူရင်းမှတ်တမ်းနှင့် ပြင်ဆင် ဖြည့်စွက်ထားသော မှတ်တမ်းနှစ်မျိုးလုံးကို ဖတ်ရှုနိုင်သည့် သို့မဟုတ် ပြန်လည်ဖော်ဆောင် ရယူနိုင်သည့် နည်းလမ်းဖြင့် ပြင်ဆင်

AnyScanner

ဖြည့်စွက်ရန်နှင့် ဝန်ကြီးဌာနမှ စာဖြင့် သီးခြားရေးသား သဘောတူထားခြင်း မရှိပါက မှတ်တမ်းများ အားလုံးကို ထိန်းသိမ်းထားရန်၊

(၃) စောင့်ကြပ်ကြည့်ရှုမည့်နယ်ပယ်(ရေ၊ လေ၊ ဆူညံသံ)များ၊ နည်းစနစ်များ၊ နမူနာ စုဆောင်းခြင်းနှင့် ဓာတ်ခွဲစမ်းသပ်ခြင်း၊ စောင့်ကြပ်တိုင်းတာမည့်နေရာ၊ အကြိမ်အရေအတွက်၊ အချိန်ဇယား၊ မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံခြင်း စသည် တို့ကိုရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ ၆ လ တစ်ကြိမ် တင်ပြရန်နှင့် အများပြည်သူ သိရှိစေရန် ဝန်ကြီးဌာနသို့ တင်ပြသည့် နေ့ရက်မှ ၁၀ ရက်အတွင်း ထုတ်ဖော်ကြေညာရန်၊

(၄) ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာတွင် ဖော်ပြထားသည့် ကုစားပြင်ဆင်ရေးလုပ်ငန်းများ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ လိုက်နာဆောင်ရွက်ရန်နှင့် စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်တွင် ဖော်ပြထားသည့် ကတိကဝတ်အတိုင်း လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၅) စီမံကိန်းအဆိုပြုသူသည် စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား ဤဝန်ကြီးဌာနသို့ တင်ပြသည့် နေ့ရက်မှ ၁၀ ရက်အတွင်း အမျိုးသားလုံခြုံရေးဆိုင်ရာကိစ္စရပ်များမှတစ်ပါး အများပြည်သူ သိရှိနိုင်ရန် စီမံကိန်း၏ ဝက်ဘ်ဆိုဒ်တွင် လည်းကောင်း၊ စာကြည့်တိုက်များ၊ ပြည်သူ့ခန်းမများစသည့် အများပြည်သူ စုဝေးရာနေရာများတွင်လည်းကောင်း၊ စီမံကိန်းရုံးဌာနများတွင် လည်းကောင်း အများပြည်သူ သိရှိနိုင်စေရေး တင်ပြထားရှိရန်၊ မည်သည့်အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်မဆို စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ၏ ဒီဂျစ်တယ် မိတ္တူကို တောင်းခံနိုင်ပြီး စီမံကိန်းအဆိုပြုသူသည် ယင်းတောင်းခံချက်ကို ရရှိပြီးနောက် ၁၀ ရက်အတွင်း ဒီဂျစ်တယ်မိတ္တူကို အီးမေးလ်ဖြင့်ဖြစ်စေ၊ တောင်းခံသူနှင့် သဘောတူညီထားသည့် အခြားနည်းလမ်းဖြင့်ဖြစ်စေ ပေးပို့ရန်၊

(၆) စီမံကိန်းအဆိုပြုသူသည် ဝန်ကြီးဌာနက စောင့်ကြပ်ကြည့်ရှုခြင်း၊ စစ်ဆေးခြင်းနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရန် -

(ကက)စီမံကိန်းလုပ်ငန်းများ သို့မဟုတ် စီမံကိန်းနှင့် ဆက်စပ်သည့်လုပ်ငန်းများကို ဆောင်ရွက်နေသည့် စီမံကိန်းရုံး၊ စီမံကိန်းလုပ်ငန်းခွင်နေရာနှင့် အခြားမည်သည့်နေရာကိုမဆို ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ ပုံမှန်အလုပ်ချိန်အတွင်း မည်သည့်အချိန်တွင်မဆို ဝင်ရောက်ကြည့်ရှုနိုင်ရေး ခွင့်ပြုရန်၊

(ခခ) အရေးပေါ်အခြေအနေတစ်ရပ် ဖြစ်ပေါ်လျှင်သော်လည်းကောင်း၊ စီမံကိန်းသည် သက်ဆိုင်ရာပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ သတ်မှတ်ချက်များအား ချိုးဖောက်သည် သို့မဟုတ် ချိုးဖောက်နိုင်ဖွယ်ရှိသည်ဟု ဝန်ကြီးဌာနက ထင်မြင်ယူဆလျှင်သော်လည်းကောင်း၊ ဝန်ကြီးဌာနက သတ်မှတ်သည့် မည်သည့်အချိန်တွင်မဆို စီမံကိန်းလုပ်ငန်းခွင်ရှိ မည်သည့်နေရာမဆို ချက်ချင်း ဝင်ရောက်နိုင်ရေး ခွင့်ပြုရန်၊

(ဂဂ) စီမံကိန်းအဆိုပြုသူသည် ဝန်ကြီးဌာနက စစ်ဆေးခြင်းကို ဆောင်ရွက်ရန်လိုအပ်သည့် ဓာတ်ပုံရိုက်ကူးခြင်း၊ အသံသွင်းခြင်း၊ ဗီဒီယိုရိုက်ကူးခြင်း၊ မြေသား၊ နုန်းအနည်အနှစ်၊ ရေနှင့်လေနမူနာများ ရယူခြင်းနှင့် ကွန်ပျူတာများကို စစ်ဆေးခြင်း၊ ဒီဂျစ်တယ်စာတွဲများ အပါအဝင် စာရွက်စာတမ်း အထောက်အထားများကို မိတ္တူကူးခြင်း၊ လူပုဂ္ဂိုလ်များကို တွေ့ဆုံမေးမြန်းခြင်းနှင့် လိုအပ်သည်ဟုယူဆသည့် အခြား စုံစမ်းစစ်ဆေးခြင်း အပါအဝင် မည်သည့်နည်းလမ်းဖြင့်မဆို စစ်ဆေး ဆောင်ရွက်ခြင်းကို လိုက်နာဆောင်ရွက်ရန်၊

(ဃဃ)စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်စစ်ဆေးသည့် ကုန်ကျ စရိတ်များ၊ စစ်ဆေးသူများအတွက် ကုန်ကျစရိတ်များ ကျခံခြင်းနှင့် ပတ်သက်၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် ၁၂၂ နှင့်အညီ စီမံကိန်းအဆိုပြုသူမှ ကျခံရန်။

(ၒ) **ရန်ပုံငွေထားရှိမှုဆိုင်ရာ စည်းကမ်းချက်များ။** ရန်ပုံငွေထားရှိမှုဆိုင်ရာ စည်းကမ်းချက်များနှင့်စပ်လျဉ်း၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာကို အကောင်အထည် ဖော်ဆောင်ရွက်နိုင်ရေး ရန်ပုံငွေထူထောင်ထားရှိရမည်။

(ဏ) **အထွေထွေစည်းကမ်းချက်များ။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စက်ရုံမှ ထွက်ရှိသော စွန့်ထုတ်ရေများအား waste water treatment plant စနစ်ဖြင့် သန့်စင်ပြီးမှ စွန့်ထုတ်ရန်၊

(၂) ဘွိုင်လာမှ ထွက်ရှိသော မီးခိုးမှုန်နှင့် ပြာများအား Bag Filter ဖြင့် သန့်စင်ခြင်းနှင့် ပတ်ဝန်းကျင်ထိခိုက်ညစ်ညမ်းမှု မရှိသည့်အထိ စီမံ စွန့်ပစ်ရန်။

**သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များ**

၈။ သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များနှင့်ပတ်သက်၍ တစ်ဖက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းသည် ထုတ်ပေးသည့် နေ့ရက်မှစ၍ (၅)နှစ် ဖြစ်သည်။ စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းမကုန်ဆုံးမီ ၆ လ ကြိုတင်၍ သက်တမ်းတိုးရန် ဝန်ကြီးဌာနသို့ လျှောက်ထားရန်၊

(ခ) စီမံကိန်းအဆိုပြုသူသည် သက်သေခံလက်မှတ်ရရှိပြီး ပထမ ၂ နှစ်အတွင်း စီမံကိန်း၏ အကောင်အထည်ဖော်မှုကို စတင်ဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ခြင်းကို စတင်ဆောင်ရွက်သည့်နေ့မှ ရက်ပေါင်း ၃၀ ထက် နောက်မကျစေဘဲ ဦးစီးဌာနသို့ စာဖြင့် သတင်းပို့အကြောင်းကြားရမည့်အပြင် စီမံကိန်းကို အကောင်အထည်ဖော်ရာတွင် ပါဝင်သော ဆောင်ရွက်မှုများကို သတ်မှတ်ဖော်ပြရန်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအကောင်အထည်ဖော်မှုကို မည်သည့်အတွက်ကြောင့် စတင်နိုင်ခြင်း မရှိကြောင်းနှင့် စတင်အကောင်အထည်ဖော်နိုင်ရန် အချိန်ကာလမည်မျှ လိုအပ်ကြောင်းကို အကျိုးအကြောင်းဖော်ပြ၍ ထိုလိုအပ်သည့် ကာလအတွက် အချိန်တိုးပေးရန် တင်ပြချက်အရ ဝန်ကြီးဌာနက အချိန်တိုးပေးသည့် ကိစ္စမှတစ်ပါး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ရရှိပြီး ၂ နှစ်အတွင်း စီမံကိန်းကို ထိရောက်စွာ အကောင်အထည်ဖော်မှုအား စတင်ဆောင်ရွက်ခြင်းမပြုလျှင် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာကို အသစ်ပြုလုပ်တင်ပြရန်၊

(ဃ) စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အောက်ပါအချက်များ တွေ့ရှိရပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို ဝန်ကြီးဌာနမှပြင်ဆင်ခြင်း သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာကို ပြန်လည်ပြင်ဆင်စေပြီးတင်ပြရန် ညွှန်ကြားပါက စီမံကိန်းအဆိုပြုသူက လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းကြောင့် အမှန်တကယ် ထိခိုက်မှု သို့မဟုတ် ထိခိုက်နိုင်မှု များကို လျှော့ချရန် ဆောင်ရွက်မှုများသည် ပြည့်စုံမှုမရှိခြင်း သို့မဟုတ် လုံလောက်မှုမရှိခြင်း၊

(၂) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများသည် မည်ကဲ့သို့ထိခိုက်မှု ဖြစ်စေကြောင်း သို့မဟုတ် ဖြစ်စေနိုင်ကြောင်း သို့မဟုတ် ဖြစ်လာကြောင်း သိရှိနိုင်ရန် သတင်း အချက်အလက်သစ်များ ထွက်ပေါ်လာခြင်း၊

(၃) စီမံကိန်းသည် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာကို မူလအတည်ပြုခဲ့သည့်အချိန်မှ ကြိုတင်သိမြင်နိုင်ခြင်းမရှိသော ဆိုးကျိုးသက်ရောက်မှုများ ရှိခြင်း၊

(၄) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများသည် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်နှင့် စည်းကမ်းချက်များ ထုတ်ပေးခြင်း၊ ပြင်ဆင်ခြင်း၊ တင်သွင်းခြင်းနှင့်အတည်ပြုခြင်းများအတွက် အခြေခံအချက်များ ထုတ်ဖော်ခဲ့စဉ်က မျှော်မှန်းထားသည့် ထိခိုက်မှုထက် ပိုမိုကြီးမားခြင်း၊

(၅) အကောင်းဆုံးရရှိနိုင်သော နည်းလမ်းအဓိပ္ပာယ် ဖွင့်ဆိုချက်အရ စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုကို ထူးခြားစွာ လျှော့ချနိုင်ခြင်း၊

(၆) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများကို စီမံကိန်းတွင် စီးပွားရေးအရ သိသိသာသာ အပိုကုန်ကျစရိတ် မဖြစ်စေဘဲ အလေ့အကျင့်ကောင်းများဖြင့် လျှော့ချနိုင်ခြင်း၊

(၇) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ထားသော နည်းလမ်းများ/ စည်းကမ်းချက်များသည် ဆိုးကျိုးသက်ရောက်မှုများကို လျှော့ချရာတွင် မလိုအပ်တော့ဟု ဆုံးဖြတ်နိုင်ခြင်း။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေဆိုင်ရာ စည်းကမ်းချက်များ**

၉။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ရန်ပုံငွေနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ ၃၀ နှင့်အညီ ညစ်ညမ်းမှု(ထုတ်လွှတ်မှု၊ စွန့်ပစ်ပစ္စည်း)ဖြစ်စေခြင်းအတွက် ပေးဆောင်ငွေများ၊ သယံဇာတအသုံးပြုမှုနှင့် ဂေဟစနစ် ဝန်ဆောင်မှုများမှ အကျိုးရရှိခြင်းအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေတွင် ပေးဆောင်ငွေများအဖြစ် ထည့်ဝင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ အတည်ပြုချက်ဖြင့် ဝန်ကြီးဌာနက သတ်မှတ်ပါက စီမံကိန်းအဆိုပြုသူမှ ငွေကြေးထည့်ဝင်ရန်၊

(ခ) စီမံကိန်းအဆိုပြုသူသည် ငွေရေးကြေးရေး အာမခံချက်များအားလုံးကို ဝန်ကြီးဌာနမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ အတည်ပြုချက်ဖြင့် သတ်မှတ်/ ပြင်ဆင်တောင်းခံပါက ထည့်ဝင်ရန်။

**အထွေထွေစည်းကမ်းချက်များ**

၁၀။ စီမံကိန်းအဆိုပြုသူသည် စီမံကိန်းဒီဇိုင်းနှင့် စီမံကိန်းလုပ်ငန်းများကို ပြင်ဆင်ရန်ရှိပါက ဝန်ကြီးဌာနသို့ ကြိုတင်အသိပေးတင်ပြရမည်။

၁၁။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် လက်မှတ်ပါလုပ်ငန်းနှင့်သာ သက်ဆိုင်စေရမည်။

၁၂။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး စီမံကိန်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုမိန့်မှာ သက်ဆိုင်ရာဌာန၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရန်ဖြစ်သည်။ စီမံကိန်းသက်တမ်းအတွင်း စစ်ဆေးမှုပြုလုပ်ချိန်တွင် ခွင့်ပြုမိန့်စာရွက်စာတမ်း အထောက်အထားများအားလုံးကို တင်ပြရမည်။

၁၃။ စီမံကိန်းပိုင်ရှင်နှင့် အဆိုပြုထားသော လွှဲပြောင်းလက်ခံသူတို့၏ ပူးပေါင်းလျှောက်ထားချက်အရ ဤသက်သေခံလက်မှတ် သို့မဟုတ် ယင်း၏အစိတ်အပိုင်းတစ်ရပ်ရပ်ကို အဆိုပြုထားသော လွှဲပြောင်းလက်ခံသူထံ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိပြီးမှသာ လွှဲပြောင်းရမည်။

၁၄။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အပိုဒ် ၁၀၂ အရ စီမံကိန်း အဆိုပြုသူသည် မိမိကိုယ်တိုင်ကြောင့်ဖြစ်စေ မိမိကိုယ်စားဆောင်ရွက်ရန် ခန့်ထားခြင်း သို့မဟုတ် ငှားရမ်းခြင်း သို့မဟုတ် အခွင့်အာဏာပေးခြင်း ပြုထားသည့် ကန်ထရိုက်တာ၊ လက်ခွဲဆောင်ရွက်ပေးသူ ဆပ်ကန်ထရိုက်တာ၊ အရာရှိ၊ အလုပ်သမား၊ ကိုယ်စားလှယ် သို့မဟုတ် အတိုင်ပင်ခံများ၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်ဖြစ်စေ ပေါ်ပေါက်သည့် ဆိုးကျိုးသက်ရောက်မှုများ အားလုံးတို့ အတွက် တာဝန်ရှိသည်။

၁၅။ စီမံကိန်းအဆိုပြုသူသည် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာမှုမရှိပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူခြင်းခံရမည်။

---